ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday 7 June 2018 ၉၃၁၀

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဒုတိယအကြိမ်မြောက် မြန်မာ-အီးယူ စီးပွားရေးဖိုရမ်ဖွင့်ပွဲ တက်ရောက်

## အီးယူနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် တိုက်တွန်း



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ-အီးယူစီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇွန် ၆**

ဒုတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ KEMPINSKI ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုးနှင့် ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့် ကိုယ်စားလှယ်များ၊ ဥရောပကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဒုတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ်ကို စီစဉ်ကျင်းပပေးသော ဥရောပကုန်သည်ကြီးများအသင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုဖိုရမ်မှတစ်ဆင့် မြန်မာနိုင်ငံနှင့် ဥရောပစီးပွားရေးအသိုက်အဝန်းများအကြား စီးပွားဆက်ဆံရေးကို ပိုမိုတိုးတက်အောင် ဆောင်ကြဉ်းပေးသွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

မြန်မာ့စီးပွားရေး လက်ရှိတိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးမှုမူဝါဒတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# စွန့်ပစ်အမှိုက်ဖြင့် မီးသွေးတောင့်ထုတ်လုပ်မည့်စက်ရုံ မကွေးမြို့၌ တည်ဆောက်ရန် ဆွေးနွေး

**မကွေး ဇွန် ၆**

မကွေးမြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ခုနစ်ဧကအကျယ် အမှိုက်စွန့်ပစ်ကျင်းနေရာတွင် စွန့်ပစ်အမှိုက်များအား မီးသွေးတောင့်အဖြစ် ပြောင်းလဲထုတ်လုပ်မည့် အမေရိကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ အမှိုက်မီးရှို့စက်ရုံတစ်ခု တည်ဆောက်ရန်ရည်ရွယ်ထားပြီး စက်ရုံတည်ထောင်မည့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မကွေးမြို့မှ နေ့စဉ်ထွက်ရှိသော အမှိုက်တန်ချိန် ၆၀ နှင့် တိုးမြှင့်သိမ်းဆည်းသွားမည့် အမှိုက်တန်ချိန် ၄၀ စုစုပေါင်း အမှိုက်တန်ချိန် ၁၀၀ ကို စက်ရုံသို့ နေ့စဉ်ပေးသွင်းရမည်ဖြစ်ပြီး တစ်တန်လျှင် ဒေါ်လာ ၂၀၀ တန်ဖိုးရှိ မီးသွေးတောင့် ၃၅ တန် နေ့စဉ်ထုတ်လုပ်မည်ဖြစ်ကာ မကွေးဒေသဖွံ့ဖြိုးရေးအတွက် အကျိုးခံစားခွင့် ငါးရာခိုင်နှုန်းရရှိမည့် ဆွေးနွေးမှုလုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

"ရွှေပြည်တံခွန်ကုမ္ပဏီနဲ့ အခြားနိုင်ငံခြားကုမ္ပဏီတစ်ခုတို့ ပူးပေါင်းလုပ်ဆောင်မယ့် ဒီလုပ်ငန်းဖြစ်မြောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သူတို့ ဆွေးနွေးနေတာတွေရှိပါတယ်၊ ရှမ်းပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ အရင်လုပ်မယ်လို့သိရပါတယ်၊ အဲဒီကနေ နားလည်မှုစာချွန်လွှာ MoU ထိုးမယ့်အပိုင်းတွေကို နမူနာယူလေ့လာပြီး တာဝန်ယူမှုနဲ့ ကတိကဝတ်အပိုင်းတွေ သေချာအောင် တစ်ဆင့်ပြန်ရောင်းတာမျိုးတွေ၊ အခြားမလိုလားအပ်တဲ့ ဖြစ်စဉ်မျိုးတွေ ရှောင်ကြဉ်နိုင်အောင် စိစစ်လေ့လာရမယ့်အပိုင်းတွေတော့ရှိပါတယ်၊ ကိုယ့်ဒေသအတွက် အမှိုက်လည်းရှင်း၊ ဝင်ငွေလည်းရမယ့် လုပ်ငန်းဆိုတော့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ
စာမျက်နှာ - ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ
စာမျက်နှာ - ၅



# ကြေးမုံ

## ပတ်ဝန်းကျင်ပျက်စီးမှုကို ဝိုင်းဝန်းကာကွယ်

၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန်လ ၅ ရက်နေ့က နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အခမ်းအနားသို့တက်ရောက်ပြီး စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းများ ပြန်လည်ထုတ်လုပ်သုံးစွဲနိုင်မည့် နည်းလမ်းများကို စဉ်းစားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြား၌ ဂေဟစနစ်များ ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ ရေထုနှင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း စသည့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ယင်းတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ပျက်စီးမှုသည် အရေးကြီးအကြောင်းကိစ္စတစ်ခု ဖြစ်လာသည်။ ကုလသမဂ္ဂမှ လေ့လာဆန်းစစ်တွေ့ရှိမှုအရ စွန့်ပစ်ပစ္စည်းအားလုံး၏ ၁၀ ရာခိုင်နှုန်းသည် ပလတ်စတစ်ပစ္စည်းများဖြစ်ပြီး ပင်လယ်သမုဒ္ဒရာအတွင်း နှစ်စဉ်အနည်းဆုံးတန်ချိန် ရှစ်သန်းခန့် ရောက်ရှိနေသည်ဟု ဆိုထားသည်။

မကြာသေးမီရက်ပိုင်းက ပင်လယ်ကမ်းစပ်တင် ဝေလငါးအသေတစ်ကောင်၏ ဗိုက်အတွင်းမှ ပလတ်စတစ်စ အမြောက်အမြားကို တွေ့ရှိခဲ့သည်။ လူသားများအနေဖြင့် ပလတ်စတစ်ပစ္စည်းများကို အလွန်အကျွံသုံးစွဲလာသောကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းပျက်စီးရမည့် အနေအထားသို့ ရောက်လာခဲ့သည်။ ပလတ်စတစ်ပစ္စည်းများကို ထိန်းချုပ်ခြင်းမရှိပါက ၂၀၅၀ ပြည့်နှစ်တွင် သမုဒ္ဒရာထဲရှိ ရေနေသတ္တဝါများထက် ပလတ်စတစ်အပိုင်းအစများက ပိုများလာဖွယ်ရှိကြောင်း၊ လက်ရှိကာလ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွင် ပလတ်စတစ်ကြောင့် ညစ်ညမ်းမှု ၈၇ ရာခိုင်နှုန်းရှိသဖြင့် စိုးရိမ်ဖွယ်အခြေအနေဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြသည်။

ယင်းအခြေအနေများကြောင့် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ကို "ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့" ဟု သတ်မှတ်ခဲ့သည်။ ရည်ရွယ်ချက်မှာ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချရန်၊ ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းတည်တံ့စေမည့် အခြားနည်းလမ်းများကို အချင်းချင်းမျှဝေပြီး အတူတကွပူးပေါင်းရှာဖွေဖော်ထုတ်ကြရန်အနေဖြင့် တိုက်တွန်းထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို အောင်မြင်နေသည့် နိုင်ငံတကာနည်းပညာများ အခြေခံ၍ စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် နိုင်ငံတော်သမ္မတက နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် တစ်ဦးချင်း တာဝန်သိစိတ်များဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်မလာအောင် ဝိုင်းဝန်းထမ်းရွက်ပေးရန် တိုက်တွန်းထားသည်။ ပတ်ဝန်းကျင်ကောင်းဖြစ်လာရန်မျှော်မှန်းပြီး မဟာဗျူဟာနှင့် လုပ်ငန်းစဉ်အရ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း နည်းစဉ်များဖြင့် အမျိုးသားအဆင့်၊ မြို့တော်အဆင့်၊ မြို့နယ်အဆင့် အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လမ်းညွှန်ထားသည်။

သို့ဖြစ်ရာ စွန့်ပစ်ပစ္စည်းများ၊ သုံးစွဲပြီးပလတ်စတစ်ပစ္စည်းများနှင့်ပတ်သက်၍ အထူးအရေးကြီးသော အနေအထားသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ထုတ်လုပ်သူများရော သုံးစွဲသူများပါ အသိတရားရှိရှိ ချင့်ချိန်ပြုလုပ်ကြရန် လိုအပ်ပေသည်။ သုံးစွဲသူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် ပူးပေါင်းပါဝင်ရန်လိုအပ်သည်။ မိမိတို့၏ ရှေးမူမပျက် ကျန်းမာရေးနှင့်ညီညွတ်သော ရိုးရာအစဉ်အလာ အလေ့အကျင့်ကောင်းများကို မပစ်ပယ်ဘဲ ဆက်လက်ကျင့်သုံးခြင်းဖြင့် သုံးစွဲမှုလျှော့ချခြင်း လုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ပတ်ဝန်းကျင်နှင့် သက်ရှိများအား ခြိမ်းခြောက်လာသော စွန့်ပစ်ပစ္စည်း ပလတ်စတစ်အန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်သည်။ ။

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၆**

ထုတ်လုပ်တင်ပို့မှုမှ နိုင်ငံဝင်ငွေတိုးရေး ဆောင်ရွက်နေသကဲ့သို့ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ပါကလည်း နိုင်ငံခြားသုံးငွေကို လျှော့ချနိုင်သဖြင့် နိုင်ငံအကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်နိုင်ကြောင်း ယမန်နေ့ နံနက် ၁၁ နာရီခွဲက နေပြည်တော် ရုံးအမှတ် (၁၆) အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုများ အပေါ် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်လေးများသည် မိသားစုတစ်စုချင်း၊ ကျေးရွာတစ်ရွာချင်းအတွက် စားဝတ်နေရေးဖူလုံစေမှုနှင့် ဝင်ငွေတိုးရေးကို အထောက်အကူ ဖြစ်စေရုံမျှမက စွန့်ဦးလုပ်ငန်းရှင်များ ပေါ်ပေါက်စေနိုင်သည့် အခြေခံလုပ်ငန်းရပ်များ ဖြစ်ရာ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးပွားလာစေရေးနှင့် နည်းပညာများတိုးမြှင့်ဖြန့်ဝေပေးနိုင်ရေး အပါအဝင် လုပ်ငန်းသစ်များ ထူထောင်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သော အကူအညီများ ချိတ်ဆက်ဆောင်ရွက်ပေးရေးတို့ကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာကြသူများသည် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ၊ အသေးစား စက်မှုလုပ်ငန်းသုံး ကိရိယာများ၊ အသက်မွေးဝမ်းကျောင်း ပညာသင်တန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်း အကြိမ် ၄၂၀၊ မှတ်ပုံတင်လုပ်ငန်း ၂၃၅၀၊ ဓာတ်ခွဲစမ်းသပ်ခြင်း အကြိမ် ၃၃၅၀၊ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် ပဲသီးနှံများကို အခြေခံထုတ်လုပ်သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ၁၄၃ ကြိမ် ဖွင့်လှစ်ပြီးဖြစ်သည်။

တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းအားဖြင့် အစားအသောက်များတွင် ဘေးအန္တရာယ်ကင်းရှင်းမည့် စားသောက်ကုန်သုံးဓာတုပစ္စည်းများအား စနစ်တကျ သိရှိနားလည်စေခြင်း၊ ထုတ်ကုန်တွင်ပါဝင်သည့် အာဟာရတန်ဖိုးနှင့် ဆောင်ရန်၊ ရှောင်ရန်များ သိရှိလာပြီး နည်းစနစ်များနှင့်အညီ စနစ်တကျ ထုတ်လုပ်လာစေမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မျိုးသန့်မျိုးစေ့ချပွဲနှင့် ဆားရည်စိမ်မျိုးရွေးချယ်ခြင်း သရုပ်ပြ

**ကျိုက်လတ် ဇွန် ၆**

စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတစ်ရွာဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာတွင် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းအတွင်း မျိုးစေ့ချပွဲနှင့် ဆားရည်စိမ်မျိုးရွေးချယ်ခြင်း သရုပ်ပြပွဲအခမ်းအနားကို ဇွန် ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးတင်အောင်ဝင်းက တောင်သူများအနေဖြင့် မျိုးသန့်မျိုးကောင်းများ ရွေးချယ်အသုံးပြုရန်လိုကြောင်း၊ ယင်းသို့ မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်းဖြင့် သီးနှံအထွက်တိုးနှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆားရည်စိမ်မျိုးရွေးချယ်ခြင်း နည်းပညာအသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍများအတွက် အထောက်အပံ့ကောင်းများ အတိုင်းအတာတစ်ခုအထိ ပေးနိုင်လိမ့်မည်ဟု ယူဆကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲလာသည့်အတွက် တောင်သူတို့၏ အကျိုးစီးပွားနှင့် တိုင်းပြည်၏ စိုက်ပျိုးစွမ်းအားများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြသသည့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းအတွင်း မျိုးစေ့ချခြင်းနှင့် ဆားရည်စိမ်မျိုးရွေးချယ်ခြင်း သရုပ်ပြမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၆**

ရန်ကုန်(ရွှေဈေး) ၉၃၁၅၀၀ - ၉၃၁၅၀၀ မန္တလေး(ရွှေဈေး) ၉၃၁၅၀၀ - ၉၃၁၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၈၀/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၄၀/၉၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၆၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၄.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၇.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၃၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၄၀၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀.၈၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၁၇၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၂.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၄၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၃.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း




☆ **ဒုတိယသမ္မတမှ**

လျှပ်စစ်ဓာတ်အားရရှိရေး၊ အလုပ်အကိုင် ဖန်တီးပေးရေး၊ သဘာဝအရင်းအမြစ်များအား ရေရှည်ထိန်းသိမ်းနိုင်ရေး၊ စွမ်းဆောင်ရည် တည်ဆောက်ရေးနှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး အစရှိသည့် ပြည်သူကိုဗဟိုပြုပြီး ပြည်သူများပါဝင်နိုင်သော မူဝါဒရည်မှန်းချက်များ ပါဝင်ပါကြောင်း။

**ဦးတည်ဆောင်ရွက်လျက်ရှိ**

ထို့ပြင် မိမိတို့အနေဖြင့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍများ ပိုမိုတိုးတက် ကောင်းမွန်စေရေး အပါအဝင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒသည် သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းနိုင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်တစ်ခုကိုလည်း ချမှတ်ပေးထားခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒက ပံ့ပိုးပေးထားခြင်းဖြစ်ပါကြောင်း။

Asian Development Outlook 2018 အရ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာရခြင်းသည် ရင်းနှီးမြှုပ်နှံမှုအခြေအနေ ဆက်လက်ကောင်းမွန်လာခြင်းနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ ပိုမိုခိုင်မာလာခြင်း၊ ပို့ကုန်တိုးတက်လာခြင်းနှင့် ပုဂ္ဂလိကကဏ္ဍတွင် သုံးစွဲနိုင်စွမ်း ပိုမိုအားကောင်းလာခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

**မျှော်မှန်းထား**

ထို့ပြင် နိုင်ငံခြားသား ခရီးသွားဧည့်သည် ဝင်ရောက်မှုသည်လည်း ၂၀၁၇ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ဦးရေအားဖြင့် ၃ ဒသမ ၄ သန်းထိ ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်လာသည့် ဝယ်လိုအားမြင့်မားလာခြင်းကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိပါကြောင်း၊ လာမည့်နှစ်များ၌ မြန်မာနိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ခုနစ်ရာခိုင်နှုန်းကျော်အထိ ရှိလာမည်ဟု မျှော်မှန်းထားရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပိုမိုဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖန်တီးနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများကိုလည်း အခါအခွင့်သင့်ခိုက်တွင် အနည်းငယ်ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်နှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကိုလည်း ပြဋ္ဌာန်းထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရန်နှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ ဖြစ်လာရန်အတွက် ပိုမိုသင့်လျော်ကောင်းမွန်ပြီး အထောက်အကူဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်တစ်ရပ်တည်ဆောက်ရန် စသည့် အခြားလိုအပ်သော ပြုပြင်ပြောင်းလဲမှုများစွာကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုပွင့်လင်းမြင်သာမှုရှိသော၊ ပိုမိုဖြေလျှော့ပေးထားသော၊ ပိုမိုအာမခံချက်ပေးသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ရရှိစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်အရ ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ရာတွင်လည်း လွယ်ကူစေမည့်အပြင် ကုမ္ပဏီငယ်များအနေဖြင့်လည်း ပိုမိုပြီးလုပ်သာကိုင်သာရှိလာမည်ဖြစ်ပါကြောင်း၊ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်သည် ဩဂုတ် ၁ ရက်မှစတင်ပြီး အာဏာသက်ဝင်လာမည်ဖြစ်ပါကြောင်း။

**မိမိတို့အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွေ့ကျပြီး အခြေအနေ ဖန်တီးခွင့်များရှိသည့် လမ်းကြောင်းမျိုးကို ခင်းကျင်းပေးထားပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဥပဒေမူဘောင်သည် မြန်မာနိုင်ငံတွင်ရှိသော စီးပွားရေးလုပ်ငန်းများ အားလုံးအတွက် ပိုမိုကောင်းမွန်သည့် အခြေအနေများနှင့်အတူ ပိုမိုခိုင်မာ ထိရောက်လာမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။**

**ရင်းနှီးမြှုပ်နှံပေး**

မိမိတို့အနေဖြင့် အီးယူမှ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် ရင်းနှီးမြှုပ်နှံသူအားလုံးကို ဦးစားပေးလုပ်ငန်းများဖြစ်သည့် အခြေခံအဆောက်အအုံကဏ္ဍ၊ လယ်ယာကဏ္ဍ၊ တိရစ္ဆာန်နှင့် ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်နိုင်မည့် ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်မှုမြို့တော် တည်ဆောက်ခြင်းလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်လိုပါကြောင်း။

**အရှိန်မြှင့်တင်သွား**

မြန်မာနိုင်ငံတွင် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့၏ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးသည် ဧပြီလအထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံခန့် ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှု စုစုပေါင်းတန်ဖိုး၏ ၈ ဒသမ ၆၈ ရာခိုင်နှုန်းခန့် ရှိပါကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင် ဖွဲ့စည်းထူထောင်လည်ပတ်နေသည့် ဥရောပသမဂ္ဂ ကုမ္ပဏီ စုစုပေါင်း ၃၀၀ ကျော် ရှိပါကြောင်း။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် တိုက်တွန်းလိုပါကြောင်း၊ ယခုကျင်းပမည့် ဖိုရမ်အောင်မြင်ပါစေကြောင်းနှင့် ပြည့်စုံသော အပြန်အလှန် ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်သွားနိုင်စေရေး ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr.Kristian Schmidt က အမှာစကားပြောကြားသည်။

**အတူမှတ်တမ်းတင်**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Kristian Schmidt၊ EU-ASEAN Business Council ဥက္ကဋ္ဌ Mr.Donald Kanak၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ EuroCham Myanmar မှ ဥက္ကဋ္ဌ Mr.David Levrat နှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

**မောင်းတီး ဖွင့်လှစ်ပေး**

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ EU-ASEAN Business Council ဥက္ကဋ္ဌ Mr.Donald Kanak နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကားပြောကြားကြပြီး EuroCham Myanmar မှ ဥက္ကဋ္ဌ Mr.David Levrat က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် EuroCham Myanmar မှ ဥက္ကဋ္ဌ Mr.David Levrat တို့က မြန်မာ-အီးယူ စီးပွားရေးဖိုရမ်ကို မောင်းတီး၍ ဖွင့်လှစ်ပေးသည်။

**ဝိုင်းဝန်း ဆွေးနွေး**

မြန်မာ-အီးယူ စီးပွားရေးဖိုရမ်ကို ခေါင်းစဉ် ၁၂ ခုဖြင့် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံနှင့် အီးယူအဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအခန်းကဏ္ဍ၊ လူမှုရေးရာပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးကဏ္ဍ၊ အထည်ချုပ်လုပ်ငန်းများကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကုန်စည်ပို့ဆောင်ရေးကဏ္ဍ၊ တရားမဝင်ကုန်သွယ်မှုဆန့်ကျင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ စိုက်ပျိုးစီးပွားကဏ္ဍနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ကူးပြောင်းမှု အခြေအနေတို့နှင့်စပ်လျဉ်းပြီး ဝိုင်းဝန်းဆွေးနွေးကြသည်။

**သတင်းစဉ်**



ညွှန်ကြားရေးမှူး ဦးထင်အောင်

✻ **စွန့်ပစ်အမှိုက်မှ**

ဖြစ်စေချင်ပါတယ်၊ လုပ်ငန်းဖြစ်မြောက်လို့ ၂၅ နှစ်ပြည့်ရင် စက်ရုံကို ဒေသပိုင်အဖြစ် လွှဲပြောင်းရယူခွင့်ရမှာပါ”ဟု မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးထင်အောင်က ဆိုသည်။

နားလည်မှုစာချွန်လွှာလက်မှတ်ထိုးပြီးနောက် အမှိုက်ကန်ဆောက်မည့်နေရာ၊ လမ်းကြောင်းများနှင့်အမှိုက်အမျိုးအစားလေ့လာရန် အချိန်သုံးလကြာမည်ဖြစ်ကြောင်း၊ လေ့လာကျေနပ်၍ MoU ထိုးပြီးနောက် စက်ရုံဆောက်ချိန်ခြောက်လကြာမည်ဖြစ်ပြီး သဘောတူညီချက်ကာလမှ နောက်တစ်နှစ်အတွင်း လုပ်ငန်းအကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း၊ ရနိုင်သမျှ တောင်းဆိုမှုများကိုလည်း ညှိနှိုင်းရယူသွားမည်ဖြစ်ကြောင်း ဦးထင်အောင်ထံမှ သိရသည်။

“ပြင်သစ်နိုင်ငံကပညာရှင်၊ ထိုင်းနိုင်ငံကနည်းပညာနဲ့ လုပ်မှာပါ။ မကွေးမြို့ပြီးရင် အခြားမြို့တွေမှာ ဆက်လက်လုပ်နိုင်ဖို့ ရည်ရွယ်ပါတယ်၊ စက်ရုံကထွက်တဲ့ မီးခိုးတွေမှာ အန္တရာယ်ဖြစ်စေတဲ့ ကတ္တရာတို့၊ နီကိုတင်းဓာတ်တွေကို Filter တွေနဲ့ စစ်ထုတ်ပေးမယ်လို့ သိရပါတယ်၊ ထွက်ရှိလာတဲ့မီးသွေးတောင့်တွေကို မြန်မာနိုင်ငံထဲက ဘိလပ်မြေစက်ရုံတွေကို ရောင်းချမယ်လို့ ပြောပါတယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ကုမ္ပဏီနဲ့ နှစ်ကြိမ်တွေ့ပြီးပါပြီ” ဟု ညွှန်ကြားရေးမှူး ဦးထင်အောင်က ပြောသည်။

အမှိုက်ကျင်းပြဿနာများဖြစ်သည့် မီးရှို့ခြင်း၊ အနံ့အသက်မကောင်းခြင်း၊ ကူးစက်ရောဂါပေါက်ပွားခြင်းနှင့် အမှိုက်စားဗက်တီးရီးယားများ၏စားသောက်နေထိုင်မှုအရ ဂက်စ်ထွက်ပေါ်ပြီး မီသိန်းဓာတ်ငွေ့ကြောင့် မီးလောင်မှုများဖြစ်ပေါ်နိုင်ခြင်းတို့ကို ကာကွယ်ရာရောက်ကာ ဒေသအကျိုးပြုနိုင်မည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ဇေယျာတူ(မကွေး)**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၆**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၆**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ရှင်းလင်းဖြေကြားကြသည်။

## ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာအဖြစ် လိုက်နာရန် သတ်မှတ်ပေးခဲ့ခြင်းသာဖြစ်

ကော့သောင်း မဲဆန္ဒနယ်မှ **ဦးခင်ဇော်၏ ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုသည့် အယူအဆကို ပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုသည့် အယူအဆသည် တရားလွှတ်တော် ရှေ့နေများကောင်စီက ရှေ့နေရှေ့ရပ်များ လိုက်နာကျင့်သုံးရန် လုပ်ငန်းလမ်းညွှန်အဖြစ် ထုတ်ဝေခဲ့သည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ စာစောင်၏ အပိုဒ် (၄၁)ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ယူဆပါကြောင်း။

ရှေ့နေရှေ့ရပ်၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ၏ အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ အပိုဒ်(၄၁)တွင် ရှေ့နေရှေ့ရပ်များသည် မိမိအမည်နှင့် နေရပ်လိပ်စာ ရိုက်နှိပ်ထားသည့် ကတ်ပြားများကို ဝေငှ၍ မိမိ၏လုပ်ငန်းကို ကြော်ငြာခြင်း၊ လျှောက်လွှာပုံစံ ဗလာစာရွက်များပေါ်တွင် မိမိအမည်လိပ်စာကို ရိုက်နှိပ်၍ ကြိုတင်လက်မှတ် ရေးထိုးကာ အခြားသူများ လိုအပ်သလို အသုံးပြုရန်ပေးအပ်ခြင်းများသည် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်ခြင်းမရှိသဖြင့် သတိပြုသင့်ပါကြောင်း၊ (၁၉၆၈ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး တရားရုံးချုပ် စာ ၂၀၈) ဟု ရှေ့နေရှေ့ရပ်များအတွက် အမှုလိုက်ပါဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာကျင့်သုံးရန် သတ်မှတ်ပေးထားသည်ကို တွေ့ရှိရကြောင်း။

အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောသဘာဝ မတူညီသည့် ရှေ့နေလုပ်ငန်းကို အခြားစီးပွားရေးလုပ်ငန်းများနှင့် တန်းတူထား၍ ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာဈေးကွက်ပြိုင်ဆိုင်ရန်အလို့ငှာ နည်းလမ်းအမျိုးမျိုးဖြင့် ရှေ့နေလုပ်ငန်းကို ကြော်ငြာမောင်းခတ်မည်ဆိုပါက ငွေရရှိရေးအတွက်သာ ရည်မှန်းချက်ထားရှိရာရောက်နိုင်ပြီး ဦးတည်ချက်မှာ တရားမျှတရေး၊ အမှန်တရားဖော်ထုတ်ရေးအတွက်မဟုတ်ဘဲ မိမိအမှုသည် အနိုင်ရရေး အောင်နိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်ရာရောက်နိုင်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံတော်က အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးကို ကူညီဆောင်ရွက်မည်ဟူသော ပြဋ္ဌာန်းချက်နှင့်လည်း ညီညွတ်မည်မဟုတ်သည်ကို သတိမူသင့်သည်ဟု ယူဆပါကြောင်း။

ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုသည့် အယူအဆအား နိုင်ငံတော်တရားရုံးချုပ်က စီရင်ထုံးတွင် မှတ်ချက်ပြုခဲ့သည်ကို တရားလွှတ်တော်ရှေ့နေများကောင်စီက ညွှန်ပြ၍ အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာအဖြစ် လိုက်နာရန် သတ်မှတ်ပေးခဲ့ခြင်းသာဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ဆောင်ရွက်ရန် မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လယ်ယာမြေရောင်းဝယ်မှုအား တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်များ၊ သတ်မှတ်နှုန်းထားများ ပြဋ္ဌာန်းပေးရန်အစီအစဉ် ရှိ၊ မရှိ

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ အခွန်တံဆိပ်ခေါင်းတန်ဖိုးမည်မျှကပ်ရမည်၊ စာချုပ်စာတမ်းမှတ်ပုံတင်ခ မည်မျှပေးသွင်းရမည်ကို ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် လယ်ယာမြေရောင်းဝယ်မှုအား တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်များ၊ သတ်မှတ်နှုန်းထားများ ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ အခန်း(၄) ပုဒ်မ ၁၂(ဂ) တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ လယ်ယာမြေလွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်၍ စာချုပ်ချုပ်ဆိုရမည်ဟု ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ ၂၄ မှ ၂၈ အထိ ဖော်ပြပြဋ္ဌာန်းထားပြီးပါကြောင်း။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ-၃ ပုဒ်မခွဲ(ဌ)ပါ ပြဋ္ဌာန်းချက်အရ တံဆိပ်ခေါင်းခွန်သတ်မှတ်ခြင်းကိစ္စအား ၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေ့ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ကိစ္စနှင့်ပတ်သက်၍ ထည့်သွင်းဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တံဆိပ်ခေါင်းခွန်နှုန်းထားအတွက် အထူးဥပဒေ(Mother Law)ဖြစ်သည့် တံဆိပ်ခေါင်းခွန် အက်ဥပဒေနောက်ဆက်တွဲ ဇယားတွင်ပါရှိသည့်အတိုင်း ထိုက်သင့်စေရန် ညှိနှိုင်းသဘောထားရှိခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(ဂ)တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံ၍ ချေးငွေတစ်ရပ်ရပ်ရယူခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့အတွက် ချုပ်ဆိုသည့်စာချုပ်စာတမ်းအမျိုးအစားအလိုက် မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန်အက်ဥပဒေအရ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် ထမ်းဆောင်စေပြီး ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခ ပေးဆောင်စေ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်ဟု ပြင်ဆင်ပေးရေးကို မိမိဝန်ကြီးဌာနသို့ ညှိနှိုင်းလာခဲ့ပါကြောင်း။

မိမိဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပါ တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခဆိုသည့်စကားရပ်အား အစားထိုးပြင်ဆင်နိုင်ရေးအတွက် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြန်လည်သုံးသပ်စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ကို ဥပဒေပညာရှင်များ၊ ဌာနရှိကျွမ်းကျင်ဝန်ထမ်းများဖြင့် ညှိနှိုင်းစည်းဝေးရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေ(မူကြမ်း)ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၇ ခုနှစ် ဇွန် ၈ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့တင်ပြထားပါကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

## လယ်ယာမြေပိုင်ဆိုင်မှုများ၊ ပုံစံ(၇)ထုတ်ပေးခြင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် မြေနုကျွန်းပြဿနာများ Drone ဖြင့် မြေတိုင်းတာပေးရန် အစီအစဉ်မရှိ

ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၏ **လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇)များကို မြန်ဆန်စွာနှင့် မှန်ကန်စွာထုတ်ပေးနိုင်ရန် ကုန်ထုတ်လမ်းဖောက်ရာတွင် ညှိနှိုင်းဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန်နှင့် မြေနုကျွန်းပြဿနာများကို မြေပုံပေါ်တွင် ဖြေရှင်းနိုင်ရန် ခေတ်မီနည်းစနစ်များအပြင် Drone ဖြင့် တိုင်းတာပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ Drone ဆိုသည့် မောင်းသူမဲ့ယာဉ်ကို အသုံးပြုပြီး မြေတိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပို၍အရည်အသွေးမြင့်သည့် ကင်မရာများကို တပ်ဆင်အသုံးပြုပြီး ရိုက်ကူးရမည့်ပုံရိပ်များကို ကွန်ပျူတာစနစ် အသုံးပြုသည့် မြေပုံများထုတ်လုပ်နိုင်ရန်အတွက် အရည်အသွေးမြင့်ကွန်ပျူတာများ လိုအပ်မည်ဖြစ်ပါကြောင်း၊ Drone များကို ကိုင်တွယ်အသုံးချမှုဆိုင်ရာ နည်းပညာများလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ မြေပုံအတိုင်းအတာ ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများနှင့် လက်တွေ့ကျွမ်းကျင်မှုသင်တန်းများ၊ ဆက်စပ်ပစ္စည်းများ ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လက်ရှိအခြေအနေတွင် Digital Kwin Map များ ထုတ်လုပ်ခြင်းအပါအဝင် လယ်ယာမြေပိုင်ဆိုင်မှုများ၊ ပုံစံ(၇) ထုတ်ပေးခြင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် မြေနုကျွန်းပြဿနာများကို လက်ရှိအသုံးပြုနေသည့် ခေတ်မီမြေတိုင်းပစ္စည်းများဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်သည့်အခြေအနေများ ရှိနေသေးသည့်အတွက် Drone ဖြင့် မြေတိုင်းတာပေးရန်အတွက် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနှင့် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

## ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောကော်မရှင် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ အဆိုကိုတင်သွင်း

ထို့နောက် အရေးကြီးအဆိုအဖြစ် မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးက နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောကော်မရှင်တစ်ရပ်ကို နိုင်ငံတကာမှ ပုဂ္ဂိုလ်တစ်ဦး အပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ UNSC ကိုယ်စားလှယ်အဖွဲ့၏ အကြံပြုချက်တွင် ပြည်ပအဖွဲ့ဖြင့် စစ်ဆေးခြင်းနှင့် ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးခြင်း၊ နည်းလမ်းနှစ်သွယ်ပါရှိရာ လွတ်လပ်သော နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ ဂုဏ်သိက္ခာကို လေးစားယုံကြည်သောအားဖြင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ရေးကို ပြန်လည်စဉ်းစားဆုံးဖြတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က အဆိုကို ထောက်ခံပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ



ကော့သောင်း မဲဆန္ဒနယ်မှ ဦးခင်ဇော်



ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်

ဦးတီခွန်မြတ်က ကြေညာသည်။

## သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အဆိုကို တင်သွင်း

ယင်းနောက် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းက **သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်အရ ဥပဒေများကိုပြဋ္ဌာန်းရေးဆွဲရပြီး စီးပွားရေးမူဝါဒပါအချက် ၁၂ ချက်များအပေါ်မူတည်ပြီး ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မျှော်မှန်းချက်အနေဖြင့် အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ်ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ဟု ဖော်ပြထားပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက် ၁၁ ရပ်တွင် သမဝါယမနှင့်သက်ဆိုင်သည့်ရည်မှန်းချက် လေးရပ်ပါရှိပါကြောင်း၊ သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ်ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒခြောက်ရပ်၊ သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ် ကိုးရပ်၊ သမဝါယမဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Action Plan ရှစ်ရပ်ရှိပါကြောင်း။

အသေးစားအရင်းအနှီး ချေးငွေထုတ်ချေးခြင်း လုပ်ငန်းရည်ရွယ်ချက်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ သမဝါယမအသင်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြန်မာ့လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ သမဝါယမအသင်းသားတောင်သူလယ်သမားများအား အတိုးနှုန်းသက်သာစေရေးတို့အတွက် တရုတ်နိုင်ငံ China EXIM BANK မှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၄၀၀ ချေးယူထားပါကြောင်း၊ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့် ၂၀၁၃ ခုနှစ် သမဝါယမအသင်းနည်းဥပဒေတို့ကိုလည်း ပြဋ္ဌာန်းထားပါကြောင်း၊ သမဝါယမစနစ် ခိုင်မာအားကောင်းစေရန်အတွက် နိုင်ငံတကာမှ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် အတွေ့အကြုံများကို သင်ခန်းစာယူရန် လိုပါကြောင်း၊ လုပ်ဆောင်ခဲ့မှုများကိုလည်း ဝေဖန်ဆန်းစစ်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲရန် လိုပါကြောင်း၊ လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းများမှ အားနည်းချက်၊ အားသာချက်များကိုလည်း သင်ခန်းစာယူရမည်ဖြစ်ပါကြောင်း၊ အချိန်မီပြုပြင်ရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအားလက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ပြင်ဆင်ချက်အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း ငါးခုကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ဖြေကြားခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

## စက္ကူစက်(စစ်တောင်း)ပိုင် စိုက်ခင်းမြေ ဧက ၉၇၅၀ နှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာရှိ ယခင်စက္ကူစက်(စစ်တောင်း)ပိုင် စိုက်ခင်းမြေ ဧက ၉၇၅၀ နှင့်ပတ်သက်၍ စစ်တောင်းစက္ကူစက် မရှိတော့သဖြင့် ယခု ယင်းစိုက်ခင်းမြေကို မည်သို့ အသုံးပြုနေသည် သို့မဟုတ် မည်သို့ အသုံးပြုရန် စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာရှိ ယခင် စက္ကူစက်ရုံ (စစ်တောင်း)ပိုင် စိုက်ခင်းမြေ ဧရိယာ ဧက၉၇၅၀ မှ ဝက်ဝံသစ်တောကြိုးဝိုင်းအတွင်းရှိ ယူကလစ်စိုက်ခင်း မြေဧရိယာ ဧက ၁၂၀ အား သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ ကျန်ရှိသော မြေဧရိယာ ဧက ၉၆၃၀ အား စက်မှုဝန်ကြီးဌာနမှ နိုင်ငံတော်သို့ အပ်နှံခွင့်ပြုရန် တင်ပြခဲ့မှုအပေါ် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၀ ရက်စွဲပါစာဖြင့် နိုင်ငံတော်သို့ အပ်နှံခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ မြေဧရိယာ ဧက ၉၆၃၀ အား ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၂၃၉/၂၀၁၄)ဖြင့် နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ ဧက ၉၆၃၀ အား မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့တို့က မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက စာရင်းရေးသွင်း၍ မှတ်တမ်းထိန်းသိမ်းထားပါကြောင်း၊ အဆိုပါ မြေဧရိယာ ဧက ၉၆၃၀ အား စိုက်ပျိုးလုပ်ကိုင်ခွင့် လျှောက်ထားလာပါက ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ခရွဲကျေးရွာအုပ်စု၊ မုက္ခမော့ကျေးရွာအုပ်စုနှင့် ဝင်းကံကျေးရွာအုပ်စုတို့မှ မြေယာပိုင်ဆိုင်မှုမရှိသေးသော အိမ်ထောင်စုများထံ တစ်အိမ်ထောင်လျှင် နှစ်ဧကနှုန်းဖြင့် ရာသီသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ချထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မင်းတပ်မြို့နယ် စွန်တောင်ရဲစခန်း ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ် မင်းတပ်မြို့နယ် စွန်တောင်ရဲစခန်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မင်းတပ်မြို့နယ် မင်းတပ်မြို့မရဲစခန်းနယ်မြေအတွင်းရှိ စွန်တောင်ကျေးရွာတွင် ၁၉၇၄ ခုနှစ်မှ စတင်၍ စွန်တောင်ရဲကင်းစခန်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ စွန်တောင်ရဲကင်းစခန်းမှာ မင်းတပ်မြို့နှင့် ၃၅ မိုင်ခန့်ကွာဝေးပြီး ဆိုင်ကယ်ဖြင့် သွားလာပါက ၁ နာရီခွဲခန့်၊ ကားဖြင့် သွားလာပါက ၁ နာရီခန့် ရာသီမရွေး သွားလာနိုင်သဖြင့် မင်းတပ်မြို့မရဲစခန်းရှိ တပ်ဖွဲ့ဝင်များက နယ်မြေဒေသ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို နိုင်နင်းစွာ ဆောင်ရွက်နိုင်သဖြင့် ၁၉၉၀ ပြည့်နှစ်တွင် စွန်တောင်ရဲကင်းစခန်းအား ရုပ်သိမ်းခဲ့ပါကြောင်း၊ ထိုသို့ ရုပ်သိမ်းပြီးနောက်ပိုင်းတွင်လည်း စွန်တောင်ရဲကင်းစခန်း၏ နယ်မြေဒေသအတွင်းရှိ ကျေးရွာအုပ်စုနှင့် ကျေးရွာများသည် အေးချမ်းတည်ငြိမ်မှုရှိခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝရှိခြင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မှုခင်းဖြစ်ပွားမှု မရှိခြင်း၊ ၂၀၁၄ ခုနှစ်တွင် တိရစ္ဆာန်ခိုးမှု တစ်မှုသာ ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလအထိ မှုခင်းဖြစ်ပွားမှု မရှိသဖြင့် မှုခင်းဖြစ်ပွားမှု နည်းပါးသည့် နယ်မြေဒေသဖြစ်ပါကြောင်း။

ထို့ကြောင့် စွန်တောင်ရဲကင်းစခန်းမှာ ဖွဲ့စည်းပုံအရ ခွင့်ပြုပြီးဖြစ်သော်လည်း နယ်မြေတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ မှုခင်းဖြစ်ပွားမှုနည်းပါးခြင်း၊ မင်းတပ်မြို့မရဲစခန်းမှ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများအား နိုင်နင်းစွာ ဆောင်ရွက်နိုင်ခြင်းနှင့် မင်းတပ်မြို့မရဲစခန်းမှ ဒုရဲအုပ်ဦးစီးအင်အား ခြောက်ဦးဖြင့် တစ်ပတ်လျှင် နှစ်ကြိမ် ရွာစဉ်ကျ လှည့်ကင်းဆောင်ရွက်ပေးလျက်ရှိပါသဖြင့် စွန်တောင်ရဲကင်းစခန်း ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ **ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နမ္မားကျေးရွာအုပ်စုနှင့် တစ်ဆက်တစ်စပ်တည်းရှိသော ညောင်ပင်သာကျေးရွာအုပ်စုမှ ညောင်ပင်သာကျေးရွာ၊ ခရုချောင်းကျေးရွာတို့ ပူးပေါင်း၍ နမ္မားမြို့အဖြစ် အဆင့်မြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇အုပ်စု၊ ကျေးရွာပေါင်း ၁၃၄ ရွာဖြင့် ဖွဲ့စည်းထားရှိပါကြောင်း၊ မိုးညှင်းမြို့နယ် နမ္မားကျေးရွာအုပ်စုတွင် ကျေးရွာ ခုနစ်ရွာဖြင့် ဖွဲ့စည်းထားရှိပြီး အိမ်ခြေ ၂၀၂၃ အိမ်၊ အိမ်ထောင်စု ၁၉၇၁စု၊ လူဦးရေ ၁၁၄၆၇ ဦး ရှိပါကြောင်း၊ နမ္မားကျေးရွာအုပ်စုနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် ညောင်ပင်ကန်ကျေးရွာအုပ်စုရှိ ညောင်ပင်သာကျေးရွာနှင့် ခရုချောင်းကျေးရွာတို့တွင် အိမ်ခြေ ၂၀၆ အိမ်၊ အိမ်ထောင်စု ၂၀၈ စုနှင့် လူဦးရေ ၁၂၈၁ ဦး ရှိပါကြောင်း။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့်



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမာန်လောမောင်း

## မိုးညှင်းမြို့နယ် ညောင်ပင်သာကျေးရွာနှင့် ခရုချောင်းကျေးရွာတို့ကို စုစည်း၍ နမ္မားမြို့အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်

နမ္မားကျေးရွာအုပ်စုနှင့် ညောင်ပင်သာကျေးရွာအုပ်စုရှိ ညောင်ပင်သာကျေးရွာနှင့် ခရုချောင်းကျေးရွာတို့ ပူးပေါင်း၍ နမ္မားမြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့အင်္ဂါရပ် ၂၁ ချက်အနက် အချက် ၂၀ မှာ ကိုက်ညီမှုရှိပါကြောင်း၊ မိလ္လာစွန့်ရန် မြောင်းတူးသည့် မြေနေရာ ငါးဧက မရှိသော်လည်း ရေလုံအိမ်သာ၊ ရေလောင်းအိမ်သာများ အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အပြင် ဒေသခံပြည်သူများက သဘောတူညီကြောင်း သဘောထားထောက်ခံချက်များ ရရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ကချင်ပြည်နယ် အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ သဘောတူကြောင်းကိုလည်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နမ္မားကျေးရွာအုပ်စုနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် ညောင်ပင်သာကျေးရွာအုပ်စုမှ ညောင်ပင်သာကျေးရွာနှင့် ခရုချောင်းကျေးရွာတို့ကို စုစည်း၍ နမ္မားမြို့အဖြစ် သတ်မှတ်ပေးရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆက်လက်ရှင်းလင်း ဖြေကြားခဲ့သည်။

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က သဘောတူ

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

## တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၅၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော ဥပဒေနှင့်အညီ လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ထုတ်လုပ်၊ သိုလှောင်၊ သယ်ယူ၊ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ)တွင် ဖော်ပြထားသော သီးနှံပုံစံနှင့် တိရစ္ဆာန်အမျိုးအစားကို ဆိုသည့်စကားရပ်ကို သီးနှံပုံစံ၊ သီးနှံအမျိုးအစားနှင့် တိရစ္ဆာန်အမျိုးအစားကို ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မခွဲ (ဂ)တွင် ဖော်ပြထားသော ချေးငွေနှင့်အကူအညီများ ဆိုသည့် စကားရပ်ကို ချေးငွေနှင့် လိုအပ်သော အကူအညီများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော လုပ်ငန်းအတွေ့အကြုံရှိသော အခြားသူများဖြင့် ဆိုသည့်စကားရပ်ကို လုပ်ငန်းအတွေ့အကြုံရှိသော ပြင်ပပုဂ္ဂိုလ်များဖြင့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင်သင့်ကြောင်းနှင့် အပိုဒ် ၁၀၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်း။

တရားမဝင် တင်သွင်းလာသည့် လယ်ယာထုတ်ကုန်များကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၂၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (စ)တွင် ဖော်ပြထားသော လယ်ယာထုတ်ကုန်များနှင့်စပ်လျဉ်းသည့် သတင်းရရှိပါက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းဆိုသည့် စကားရပ်ကို လယ်ယာထုတ်ကုန်များနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ပေးခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အရေးအသား ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၁၆၊ ပုဒ်မ ၁၈ တွင် ဖော်ပြထားသော ဦးဆောင်အဖွဲ့သည် မျိုးစေ့ ဆိုသည့် စကားရပ်ကို ဦးဆောင်အဖွဲ့သည် ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော မျိုးနှင့် မျိုးစေ့ သုတေသနလုပ်ငန်းနှင့် ထုတ်လုပ်သည့် လုပ်ငန်းများ ဆိုသည့် စကားရပ်ကို ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက် သုတေသနလုပ်ငန်းနှင့် ထုတ်လုပ်သည့် လုပ်ငန်းများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ)တွင် ပါရှိသော မြေဩဇာနှင့် ပိုးသတ်ဆေး ဆိုသည့် စကားရပ်ကို ပျိုးပင်၊ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဆ) တွင် ဖော်ပြထားသော မွေးမြူရေးအစာနှင့် ဆေးဝါးများ ဆိုသည့် စကားရပ်ကို မျိုး၊ သားပေါက်၊ မွေးမြူရေးအစာနှင့် ဆေးဝါးများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၀၊ ပုဒ်မ ၂၅ တွင် ဖော်ပြထားသော စကားရပ်များအစား ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံး၊ အမြတ် စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးရမည်။ ယင်းစာရင်းစစ်အဖွဲ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သော စာရင်းစစ်များ တွဲဖက်ပါဝင်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့် အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း။

အထက်ပါ တင်ပြခဲ့သည့် တွေ့ရှိချက်များအရ ကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ တောင်သူလယ်သမားရေးရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး ဖြစ်ပါသဖြင့် လွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## မြန်မာ့အာမခံလုပ်ငန်းနှင့် အိန္ဒိယနိုင်ငံပိုင်အထွေထွေအာမခံကော်ပိုရေးရှင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၆**

မြန်မာ့အာမခံလုပ်ငန်းနှင့် အိန္ဒိယနိုင်ငံအစိုးရပိုင် အထွေထွေအာမခံကော်ပိုရေးရှင်းတို့ နားလည်မှုစာချွန်လွှာ MoU ချုပ်ဆိုပွဲကို ဇွန် ၆ ရက်က မြန်မာ့အာမခံလုပ်ငန်း ရုံးချုပ်၌ ပြုလုပ်သည်။

ယခု MoU ထိုးပွဲသည် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ဖြစ်သော အိန္ဒိယနိုင်ငံ အစိုးရပိုင် အထွေထွေအာမခံကော်ပိုရေးရှင်းနှင့် မြန်မာ့အာမခံလုပ်ငန်းတို့၏ လုပ်ငန်းအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဥပဒေများ ပြင်ဆင်ခြင်း၊ တစ်ဆင့်အာမခံလုပ်ငန်းများ ဆောင်ရွက်ရန်၊ မြန်မာအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးအတွက် လူမှုရေးအရ အာမခံအကာအကွယ်ဖြင့် ဆောင်ရွက်နိုင်ရန်၊ အဖွဲ့အစည်း၊ ဝန်ထမ်းနှင့် ဥပဒေအပါအဝင် အခြားစွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍတို့တွင် အိန္ဒိယနိုင်ငံပိုင်အထွေထွေအာမခံကော်ပိုရေးရှင်း၏ အတွေ့အကြုံများကို မျှဝေပေးရန်ရည်ရွယ်၍ နှစ်နိုင်ငံ အစိုးရအဖွဲ့အစည်းများအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် နားလည်မှုစာချွန်လွှာကို မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးနှင့် GIC Re မှ Chairman Cum Managing Director Ms. Alice Vaidyan တို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် International IDEA တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမြင်ဗဟုသုတများ ကျယ်ပြန့်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် International IDEA (Institute For Democracy and Electoral Assistance) တို့ ပူးပေါင်း၍ " Empirical study on Sub-State Constitutions in Federal Systems" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က အဖွင့်အမှာစကား ပြောကြားပြီး International IDEA မှ ဌာနေကိုယ်စားလှယ် Mr.Mark McDowell က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း အစီအစဉ်မှ အကြီးတန်းအရာရှိ Dr. Kimana Zulueta-Fulscher နှင့် အီဒင်ဘရာ တက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက Dr. Asanga Welikala တို့ ပါဝင်လျက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၈၀ /၂၀၁၈ )**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက် )**
**တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၉.၆.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၅/၂၀၁၇) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ရှမ်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၃၉၁၁ | အစား | ကြည်း ၂၆၇၅၉ |
| ဗိုလ်မှူးကြီး နိုင်ဝင်းအောင် | | ဗိုလ်မှူးကြီး လှဦး |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်များ၊ အခြေခံပညာအဆင့်မှ စတင်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်တိုက်ဖျက်ရေး ဆိုင်ရာပညာပေး ဖျော်ဖြေရေးအစီအစဉ် ရေးဆွဲဆောင်ရွက်နေမှု၊ လူထုပညာပေး တီဗွီဇာတ်လမ်းတိုများ ရိုက်ကူးရန် စီစဉ်ဆောင်ရွက်နေမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆောင်ရွက်နေသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ အောင်မြင်မှုများနှင့် တရုတ်-မြန်မာနှစ်နိုင်ငံသည် ဘက်ပေါင်းစုံ၌ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးထားရှိသဖြင့် အဆိုပါ မဟာဗျူဟာ မူဘောင်အောက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ခေါင်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်သင့်ကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရကျောင်းသားဟောင်းများအသင်း စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၆**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများအသင်း ရန်ကုန်ရုံးခွဲက စီစဉ်သည့် စကားဝိုင်းဆွေးနွေးပွဲကို "သူ့အမြင် ကိုယ့်အမြင် တောင်သူပညာပေး အစီအစဉ်"ခေါင်းစဉ်ဖြင့် ဇွန် ၉ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ကြို့ကုန်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ဦးဇော်လင်း(ဒုတိယ တိုင်းဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဦးသန်းဌေး (M. Sc. Agri Extension, USA)၊ ဦးမြင့်ဆွေ (ကိုရဲ-စိုက်ပျိုးရေး)၊ ဦးဌေးနိုင် (Livelihood Coordinator, Pact Myanmar)၊ ဒေါ်ဇာဇာဝင်း (Extensionist, Yara Myanmar)၊ ဒေါ်ရင်ရင်ဖြူ (Green Way Agri Mobile App)တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမကောလိပ်(ဖောင်ကြီး)မှ ဒီပလိုမာလက်မှတ်ရရှိသူ ၂၄၆၅ ဦး မွေးထုတ်ပေးခဲ့

**နေပြည်တော် ဇွန် ၆**

သမဝါယမကောလိပ်(ဖောင်ကြီး)၏ (၂၂)ကြိမ်မြောက် ဒီပလိုမာလက်မှတ် အပ်နှင်းပွဲအခမ်းအနားကို သမဝါယမကောလိပ်(ဖောင်ကြီး)တွင် ဇွန် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သမဝါယမကောလိပ် (ဖောင်ကြီး)ကို ၁၉၉၄-၁၉၉၅ ပညာသင်နှစ်က စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယနေ့ (၂၂)ကြိမ်မြောက် ဒီပလိုမာလက်မှတ်အပ်နှင်းချိန်အထိ ဒီပလိုမာလက်မှတ်ရရှိသူ၂၄၆၅ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ ကောလိပ်အနေဖြင့် စီးပွားရေးလုပ်ငန်းစာရင်းကိုင်ဒီပလိုမာ၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုဒီပလိုမာ၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုဒီပလိုမာ၊ အသုံးချစာရင်းအင်းဒီပလိုမာနှင့် လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဒီပလိုမာ စသည့် ဒီပလိုမာငါးခုနှင့် သက်ဆိုင်သောဘာသာရပ်များကို သင်ကြားပေးလျက်ရှိပြီး နှစ်စဉ် သမဝါယမစီးပွားရေးပညာတတ် မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးလျက်ရှိသည်။

ယနေ့ခေတ်တွင် နည်းပညာများ တစ်နေ့တခြားတိုးတက်ပြောင်းလဲလျက်ရှိသောကြောင့် အဘက်ဘက်က ကြုံတွေ့လာမည့် စိန်ခေါ်မှုများကို ယှဉ်ပြိုင်တုံ့ပြန်နိုင်စွမ်းရှိရန် အသိပညာ၊ အတတ်ပညာ စွမ်းအားများ ပြည့်စုံနေရန် လိုအပ်ကြောင်း၊ စိန်ခေါ်မှုများကို ယှဉ်ပြိုင်အနိုင်ယူရန်အတွက် မိမိကိုယ်ကို တည်ဆောက်ရမည့် အရာများကို စဉ်းစားပြီး Self-Learning လုပ်နေရမည်ဖြစ်ကြောင်း၊ သာမန်လေ့လာကြိုးစားမှုမျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ်လေ့လာမှု လုပ်နေရန်လိုအပ်ကြောင်း သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ပြောသည်။

ဒီပလိုမာလက်မှတ်အပ်နှင်းပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပညာရည်ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခဲ့ပြီး သမဝါယမကောလိပ်(ဖောင်ကြီး) ကျောင်းအုပ်ကြီး ဒေါက်တာတင်လှဲ့လှဲ့ဝင်းက ကျောင်းသား ကျောင်းသူ ၂၄၀ အား ဒီပလိုမာအောင်လက်မှတ်များ အပ်နှင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




**သမဝါယမကောလိပ်(ဖောင်ကြီး) ကျောင်းအုပ်ကြီး ဒေါက်တာတင်လှဲ့လှဲ့ဝင်းက ဒီပလိုမာလက်မှတ်များ ပေးအပ်စဉ်။**

# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## လာမည့်ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ လျှောက်ထားနိုင်

**နေပြည်တော် ဇွန် ၆**

လာမည့် နိုဝင်ဘာ ၃ ရက်တွင် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ရာ စောင့်ကြည့်လေ့လာလိုသည့် ပြည်တွင်းနှင့် နိုင်ငံတကာ (ပြည်ပ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ယနေ့မှစတင်၍ အောက်တိုဘာ ၁၈ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၂၀၆၂ ဦးနှင့် နိုင်ငံတကာ(ပြည်ပ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၃၁၂ ဦး ရှိခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ သိရပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်နှင့် လစ်လပ်မဲဆန္ဒနယ်များကို မေ ၈ ရက်တွင်လည်းကောင်း၊ ကြားဖြတ်ရွေးကောက်ပွဲအတွက် လျာထားလုပ်ငန်းစဉ်အချိန်စာရင်းကို မေ ၂၅ ရက်တွင်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

ပြည်တွင်းစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) နှင့် နိုင်ငံတကာ(ပြည်ပ) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) တို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ official website ဖြစ်သည့် http:// uecmyanmar.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် Download ရယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ပဲခူးမြို့တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၆**

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်အဖြစ် ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသား (H'cap 0-12)၊ အမျိုးသမီး (H'cap 0-18)အဆင့်များ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် ဇွန် ၁၂ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဖုန်း ၀၉-၇၇၉၈၄၆၇၆၁ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၆**

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၈)ကို ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၁၈)ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင်အမှတ်(၂၀)အစည်းအဝေးခန်းမ၌ သီးခြားစီ ကျင်းပသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့်အဆိုနှင့် မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပုသိမ်)၌ သင်တန်းဆင်းပွဲနှင့် သင်တန်းဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် ဇွန် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ပုသိမ်)၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ (ဧည့်ကြိုသင်တန်း)၊ အိပ်ခန်းဆောင်သင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်း သင်တန်းအမှတ်စဉ်(၁)ကို လည်းကောင်း၊ သင်တန်းအမှတ်စဉ်(၂) အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၆) ဖွင့်ပွဲအခမ်းအနားကို လည်းကောင်း ဇွန် ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်အမှာစကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက သင်တန်းဖွင့်လှစ်ပေးမှု အစီအစဉ်နှင့် သင်တန်းအတွက် ထောက်ပံ့ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ ဧည့်ကြိုသင်တန်းသူများအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လည်းကောင်း၊ အိပ်ခန်းဆောင် သင်တန်းသူများအတွက် ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ အစားအစာနှင့်အဖျော်ယမကာဝန်ဆောင်မှုသင်တန်းသူများအတွက် တာဝန်ရှိသူတစ်ဦးက လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ချောင်းသာဟိုတယ်ဇုန်ဥက္ကဋ္ဌ ဦးကျော်ခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ Luxembourg Agency for Development Cooperation LuxDev.၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်း (MHPA) တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းနည်းပြများ၊သင်တန်းသူ ၁၄၉ ဦး အပါအဝင် စုစုပေါင်းအင်အား ၂၆၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းသင်တန်းသူ ၇၅ ဦးကို အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၂)နှင့် အိမ်တွင်းမှုသင်တန်းများကို စက်တင်ဘာ ၇ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ ရခိုင်မှ

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ သံတမန်များအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေး နားလည်မှုစာချွန်လွှာကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် UNDP မှ ဌာနေကိုယ်စားလှယ် Mr. Knut Ostby နှင့် UNHCR မှ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis တို့က ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးကျော်တင်တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ သံတမန်များ၊ UNDP နှင့် UNHCR အပါအဝင် ကုလသမဂ္ဂအေဂျင်စီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

**သတင်းထုတ်ပြန်ချက်**

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက် )**

**ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအေဂျင်စီများသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပြုနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ယနေ့ လက်မှတ်ရေးထိုးခဲ့ကြသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် "ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်" ကို အကောင်အထည်ဖော်ရာတွင် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များအား အထောက်အပံ့ပြုနိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) တို့ကို ဖိတ်ခေါ်ခဲ့မှုအရ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့်အတိုင်း နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးချိန်မှ စတင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၃။ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကြောင့် မြန်မာအစိုးရက ယမန်နှစ်ကပင် စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် နေရပ်စွန့်ခွာသွားသူများ မိမိသဘောဆန္ဒအလျောက် လုံခြုံဘေးကင်းသိက္ခာရှိစွာ ပြန်လာနိုင်ရေးလုပ်ငန်းများကို ပိုမိုအားဖြည့် မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ထားသည်။ ကုလသမဂ္ဂအေဂျင်စီများ ပါဝင်မှုကြောင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ပိုမို၍ လျင်မြန်လာမည်ဟုလည်း မျှော်လင့်ထားသည်။

၄။ နိုင်ငံတော်အစိုးရ၏ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်စွဲဖြင့် ထုတ်ပြန်ချက်ပါအတိုင်း နေရပ်စွန့်ခွာသွားသူများ အရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာအစိုးရ၏ ဘက်စုံလွှမ်းခြုံပြီး ရေရှည်တည်တံ့သော ဖြေရှင်းချက်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့၏ ထောက်ခံမှုကို ယခုနားလည်မှုစာချွန်လွှာတွင် အတည်ပြုထားသည်။ ယခုလက်မှတ်ရေးထိုးသော နားလည်မှုစာချွန်လွှာအရ နေရပ်စွန့်ခွာသွားသူများ မိမိသဘောဆန္ဒအလျောက် ပြန်လာရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရွှေ့ပြောင်းစီမံကိန်းများ ဆောင်ရွက်နိုင်ရေး ဆန်းစစ်မှုများပြုလုပ်ရာတွင် လည်းကောင်း၊ အသိုင်းအဝိုင်းအားလုံးကို အကျိုးဖြစ်ထွန်းစေမည့် အတူယှဉ်တွဲနေထိုင်ရေး ရွှေ့ပြောင်းစီမံကိန်းနှင့် အခြားစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လည်းကောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေဖြင့် မြန်မာအစိုးရအား အထောက်အပံ့ပြုသွားမည်ဖြစ်ပြီး အလားအလာရှိသော ဒေသများတွင် ပြန်လည်ထူထောင်တည်ဆောက်ရေးကို အခြေခံသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ရာတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် အတူတကွ ဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်အနေဖြင့် ပြန်လည်ထူထောင်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့်ဆန်းစစ်မှုများ ပြုလုပ်ရာတွင် ပေါင်းစပ်ညှိနှိုင်းရန်နှင့် အကူအညီပေးရန်အတွက်လည်းကောင်း၊ လူ့အသိုင်းအဝိုင်းအားလုံးကို အကျိုးဖြစ်ထွန်းစေမည့် ပြန်လည်ထူထောင် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် စီမံကိန်းများရေးဆွဲရန်အတွက် လည်းကောင်း၊ အသိုင်းအဝိုင်းများကြား လူမှုသဟဇာတဖြစ်မှုကို မြှင့်တင်ရန်အတွက်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း မြန်မာနိုင်ငံအစိုးရကို အထောက်အပံ့ပြုသွားမည်ဖြစ်သည်။

၆။ နေရပ်စွန့်ခွာသွားသူများ မိမိဆန္ဒအလျောက် လုံခြုံဘေးကင်းသိက္ခာရှိစွာ ပြန်လာရေးအတွက် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့အနေဖြင့် ရှေးယခင်ကပင် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့သည် နေရပ်စွန့်ခွာသွားသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆန္ဒအလျောက်ပြန်လာနိုင်ရေးတွင် အထောက်အပံ့ပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်ဖြစ်သည့် နားလည်မှုစာချွန်လွှာကို ၁၉၉၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး နေရပ်စွန့်ခွာသူ ၂၃၀၀၀၀ ခန့်ကို ပြန်လည်စိစစ်လက်ခံခဲ့သည်။

၇။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး UN Resident Coordinator၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကိုယ်စားလှယ် UNHCR representative တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၈။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ နားလည်မှုစာချွန်လွှာအား ၂၀၁၈ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ကနဦးလက်မှတ်တို ရေးထိုးခဲ့ပြီး လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပြီးသည့်နောက် ယနေ့ ဇွန်လ ၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

○ ကျောဖုံးမှ

ပွဲထွက်ခဲ့သော်လည်း အဓိကတိုက်စစ်မှူး ဝင်းနိုင်စိုးနှင့် ကွင်းလယ်ကစားသမားများ ချိတ်ဆက်ရာတွင် အမှားများခဲ့သောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့် မရခဲ့ပေ။ ဒုတိယပိုင်းတွင် စစ်ကိုင်းအသင်း တိုက်စစ်အားမြှင့်လာပြီး ၅၂ မိနစ်တွင် ပြည့်စုံအောင် ကန်တင်ပေးသည့် ထောင့်ကန်ဘောကို ရတနာပုံမှ ဝင်းနိုင်စိုး ဖျက်သော်လည်း ခြေချော်ပြီး ဂိုးဝင်သွား၍ စစ်ကိုင်းအသင်း ဂိုးစရခဲ့သည်။ ဂိုးသွင်းသည့် ပြည့်စုံအောင်သည် အကျီလှန်ပြီး အောင်ပွဲခံခဲ့သောကြောင့် ဒုတိယမြောက်အဝါထိကာ ထုတ်ပယ်ခံရပြီး စစ်ကိုင်းအသင်း တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ရတနာပုံအသင်းသည် ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၆၉ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပင်နယ်တီကို ရှိုင်းသူရ ကန်သွင်းရာ စစ်ကိုင်းဂိုးသမား အေဇင်မှူး ကာကွယ်နိုင်သော်လည်း သိန်းသန်းဝင်းက ပိတ်သွင်းယူခဲ့၍ ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့သည်။ ရတနာပုံအသင်းသည် တစ်ယောက်အသာရနေသော်လည်း ဂိုးထပ်မံရရှိအောင် မသွင်းနိုင်၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။

အချိန်ပိုအစ ငါးမိနစ်တွင် စစ်ကိုင်းအသင်းဂိုးထပ်ရခဲ့ပြီး သီဟဇော်က သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် လက်ကျန်မိနစ်များတွင် ချေပဂိုးရရန် ကြိုးပမ်းသော်လည်း စစ်ကိုင်းအသင်းက စနစ်တကျ ပိတ်ဆို့ကစားခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသော ပွဲတွင် ဟံသာဝတီအသင်းက ဇွဲကပင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအတွက် ဂိုးများကို ဂျိုးဇက်က သုံးဂိုး၊ ပိုင်စိုးဝေက တစ်ဂိုးသွင်းယူခဲ့ပြီး ဇွဲကပင်အတွက် ချေပဂိုးတစ်ဂိုးကို ပွန်ဆီကာက သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက Mountain Lion အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရခိုင်အသင်းအတွက် ဂိုးများကို မက်သရူးက နှစ်ဂိုး၊ ကလစ်ဖို့ဒ်က တစ်ဂိုး သွင်းယူခဲ့သည်။ ကွာတားဖိုင်နယ်ပွဲများအဖြစ် ရန်ကုန်နှင့် GFA၊ ဧရာဝတီနှင့် မကွေး၊ စစ်ကိုင်းနှင့် ဟံသာဝတီ၊ ရခိုင်နှင့် ရှမ်းယူနိုက်တက်တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## တရုတ်က ဝယ်ယူနေသည့် မြန်မာဖရဲသီးများ ဈေးနှုန်းကျဆင်း

**မူဆယ် ဇွန် ၆**

ယခုနှစ် ဖရဲသီးရာသီစတင်ခဲ့သည့် ဖေဖော်ဝါရီလမှ ဧပြီလကြားကာလတွင် မူဆယ်ဈေးကွက်၌ ဖရဲတစ်တန်လျှင် တရုတ်ယွမ် ၁၀၀၀ မှ ၂၅၀၀ အထိ ဈေးရှိခဲ့သော်လည်း ယခုဇွန်လဆန်း ဒုတိယ ဖရဲသီးရာသီတွင် ဖရဲတစ်တန်လျှင် ယွမ် ၃၀၀ မှ ၇၀၀ ကြားသာရှိကြောင်း သိရသည်။

ဧပြီလနောက်ပိုင်းတွင် တရုတ်နိုင်ငံက အနိမ့်ဆုံးလက်ခံနိုင်မည့် ဖရဲသီးတစ်လုံး၏ အလေးချိန်ကို ၁၅ ကီလိုဂရမ် (၁၃ ပိဿာဝန်းကျင်)ဟု သတ်မှတ်ခဲ့ပြီး ယခုလက်ရှိ မြန်မာဘက်မှ တင်သွင်းသည့် ဖရဲသီးတစ်လုံး၏ အမြင့်ဆုံးအလေးချိန်မှာ ရှစ်ကီလိုဂရမ်အောက်သာရှိခြင်း၊ ယခင်ဝယ်လက် တရုတ်ကုန်သည်များက မြန်မာအဝယ်တော်များမှတစ်ဆင့် မြန်မာနိုင်ငံသားများအား ကြိုတင်ငွေပေးစနစ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ဖရဲစိုက်စေပြီး ကိုယ်တိုင်တင်ပို့နေခြင်း၊ တရုတ်ပြည်တွင် ဖရဲစိုက်ပျိုးသည့် တောင်သူများကို သမဝါယမပုံစံဖြင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်နေခြင်း၊ လက်ရှိ ဖရဲသီး တစ်ပိဿာ၏ သီပေါ-မူဆယ် သယ်ယူစရိတ်မှာ ၁၄၂ ကျပ် ဖြစ်နေသည့်အတွက် သယ်ယူစရိတ် မြင့်မားနေခြင်း စသည်တို့ကြောင့် ဈေးနှုန်းအဆမတန် ကျဆင်းသွားသဖြင့် မူဆယ်သို့ ဖရဲသီးတင်ပို့မှုမှာ ဧပြီလ မတိုင်မီကထက် ၇၅ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုး၊ တန့်ယန်း၊ ကျောက်မဲမြို့နယ်များနှင့် မူဆယ်နယ်စပ်ရှိ ဖရဲစိုက်ပျိုးသူများသည် တရုတ်နိုင်ငံသို့ မတင်သွင်းနိုင်သဖြင့် ဒေသတွင်းဈေးကွက်၌ ရောင်းချခဲ့ရာ တစ်လုံးလျှင် ငွေကျပ် ၅၀၀ သာ ဈေးနှုန်းရရှိသည့်အတွက် ဖရဲစိုက်တောင်သူတို့ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

# အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီမှာ အရင်တုန်းက အစိုးရဝန်ထမ်းတွေပါတယ်၊ အခု ဆရာတို့ စာပေပညာရှင်တွေပဲ အားလုံးလွတ်လွတ်လပ်လပ်ရွေးပါတယ်၊ အစိုးရအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ပဲဖြစ်ဖြစ်၊ စာပေဗိမာန်အနေနဲ့ပဲ ဖြစ်ဖြစ် ပါဝင်ပြီးတော့ရွေးချယ်ခြင်းမလုပ်ပါဘူး

**စည်သူဒေါက်တာ ဦးသော်ကောင်း**

မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထူးချွန်ထက်မြက်သည့်စာရေးဆရာများ ပေါ်ထွန်းလာစေရန်အတွက် အမျိုးသားစာပေဆုများကို နှစ်စဉ် ချီးမြှင့်လျက်ရှိသည်။

စာပေဗိမာန်၏ မူလအစဖြစ်သည့် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်က စတင်တည်ထောင်ခဲ့ပြီး ၁၉၄၈ ခုနှစ် မေလတွင် အသင်း၏အမည်ကို စာပေဗိမာန်ဟုပြောင်းလဲခေါ်ဝေါ်သုံးစွဲခဲ့သည်။ ထိုနှစ်မှာပင် စာပေဗိမာန်စာပေဆုချီးမြှင့်ရန် စတင်စီစဉ်ခဲ့သည်။ စာပေဗိမာန် အုပ်ချုပ်မှုကောင်စီသည် ၁၉၄၈ ခုနှစ်ကစပြီး တစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် လုံးချင်းဝတ္ထုများထဲက အကောင်းဆုံးတစ်အုပ်ရွေးချယ်ပြီး ပထမဆုံးစာပေဗိမာန် ကာလပေါ်ဝတ္ထုဆုကို ချီးမြှင့်ခဲ့ရာ ဆရာမင်းအောင်က "မိုးအောက်မြေပြင်" ဝတ္ထုရှည်ဖြင့် ဆုရရှိခဲ့သည်။

အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ဘာသာရပ်များ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ချီးမြှင့်လာရာ ယခုဆိုလျှင် ဘာသာရပ် ၁၆ မျိုးအထိ ရှိလာပြီဖြစ်သည်။ စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက်လည်း အမျိုးသားစာပေဆုကဲ့သို့ ဘာသာရပ်များကို တိုးချဲ့ချီးမြှင့်ခဲ့ရာ ယခုဆိုလျှင်ဘာသာရပ် ၁၃ ခုအထိ ရှိလာပြီဖြစ်သည်။

ထို့ပြင် တစ်သက်တာလုံး ထူးချွန်ပြောင်မြောက်စွာအားထုတ်ရေးသားပြုစုခဲ့သည့် စာပေသမားများ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အမျိုးသားစာပေတစ်သက်တာဆုကို တစ်နှစ်လျှင် စာပေပညာရှင်တစ်ဦးကိုသာ ရွေးချယ်ချီးမြှင့်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ပညာရှင် သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု သုံးဆု၊ အမျိုးသားစာပေဆု ၁၀ ဆုနှင့် စာပေဗိမာန်စာမူဆု ၂၆ ဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုနှစ် အမျိုးသားစာပေဆုချီးမြှင့်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိရာ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ စည်သူဒေါက်တာ ဦးသော်ကောင်းအား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ။အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီမှာ အဖွဲ့ဝင်၊ အတွင်းရေးမှူးနဲ့ ဥက္ကဋ္ဌအပါအဝင် ၆၅ ဦးရှိပါတယ်။ ဆရာတို့ နောက်ပိုင်းဖွဲ့တဲ့အဖွဲ့တွေက အရင်ကအဖွဲ့တွေနဲ့ မတူပါဘူး။ အရင်တုန်းက အစိုးရဝန်ထမ်းတွေပါတယ်။ များသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်တွေ၊ ဦးဆောင်ညွှန်ကြားရေးမှူးတွေက ဥက္ကဋ္ဌအနေနဲ့ပါပြီး ဆရာတို့ကတော့ ဒုတိယဥက္ကဋ္ဌအနေနဲ့ပါပါတယ်။ အတွင်းရေးမှူးကတော့ စာပေဗိမာန်က စာတည်းမှူးချုပ်က လုပ်ပါတယ်။ အခု ဒီမိုကရေစီအစိုးရတက်တော့ ဆရာတို့စာပေပညာရှင်တွေပဲ အားလုံးလွတ်လွတ်လပ်လပ်ရွေးပါတယ်။ အစိုးရအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ပဲဖြစ်ဖြစ်၊ စာပေဗိမာန်အနေနဲ့ပဲဖြစ်ဖြစ် ပါဝင်ပြီးတော့ ရွေးချယ်ခြင်း မလုပ်ပါဘူး။ စွက်ဖက်ခြင်း မရှိပါဘူး။ ဆရာတို့အားလုံးက ရွေးပြီးရင်သာ ဝန်ကြီးဌာနကိုတင်ပါတယ်။ တင်တဲ့အခါကျရင် ဆုငွေနဲ့ပတ်သက်ပြီး ငွေကြေးတန်ဖိုးကို ဆရာတို့ကပဲ အဆိုပြုတင်ရပါတယ်။ ဘယ်ဆုကိုတော့ ဘယ်လောက်ပေးမယ်၊ သာမန်ဆုကို ဘယ်လောက်ပေးမယ်။ တစ်သက်တာဆုကို ဘယ်လောက်ပေးမယ်၊ ဘယ်နှယောက်ပေးမယ်ဆိုတာကိုလည်း ဆရာတို့က အဆိုပြုပါတယ်။

စာပေအမျိုးအစားအလိုက် အဖွဲ့ငယ်တွေဖွဲ့ထားပါတယ်။ တစ်ဖွဲ့မှာ ၁၀ ယောက် ၊ ၁၂ ယောက်လောက် ရှိပါတယ်။ အဓိကစာပေအမျိုးအစားကတော့ ဝတ္ထုရှည်ရှိတယ်။ ဝတ္ထုတို ရှိတယ်။ ကဗျာရှိတယ်။ ပြဇာတ်ရှိတယ်။ ဒါတွေက အဓိကစာပေအမျိုးအစားတွေပေါ့။ ကျန်တာတွေက ဘာသာပြန်၊ အင်္ဂလိပ်စာဆု၊ သိပ္ပံဆုဆိုတာတွေ ရှိပါတယ်။ အစဉ်အလာအရ မနှစ်က ကဗျာဆုနဲ့ပတ်သက်လို့ တစ်ဆုပဲပေးပါတယ်။ ရှေးကတည်းက ဆရာတို့မရောက်ခင် ဆရာဇော်ဂျီတို့လက်ထက်ကတည်းက ကဗျာဆုက တစ်ဆု၊ ဝတ္ထုဆုက တစ်ဆု၊ ပြဇာတ်ဆုက တစ်ဆု၊ ဝတ္ထုတိုဆုက တစ်ဆု ပေးလေ့ရှိပါတယ်။ များသောအားဖြင့် အခြားဆုတွေလည်း တစ်ဆုစီပေးပါတယ်။

သူတို့ခေါ်တဲ့ ခေတ်ပေါ်ကဗျာ၊ မော်ဒန်ကဗျာနဲ့ ပတ်သက်ပြီး မနှစ်ကစပြီးတော့ ဆွေးနွေးကြတယ်။ ဆရာတို့အရင်တုန်းက ဖတ်လေ့ရှိတဲ့ ဂန္ထဝင်ကဗျာ၊ ရှေးဟောင်းကဗျာတွေပေါ့။ ရေးပုံရေးနည်းကလည်းကွာတယ်။ မော်ဒန်ကဗျာကျတော့ ကာရန်တို့၊ ဘာတို့သိပ်မရှိတော့ဘူး။ ဒါပေမယ့်လည်း မော်ဒန်ကဗျာလို့ခေါ်တဲ့ စာအုပ်တွေ ထွက်နေတာက ပိုများနေတယ်။ အဲဒါကို ဆရာတို့အဖွဲ့မှာ ဆွေးနွေးကြတယ်။ ဆွေးနွေးပြီး အဲဒီ မော်ဒန်ကဗျာကိုလည်း ထည့်ပြီးစဉ်းစားပါ့မယ်။ ဂန္ထဝင်ကဗျာတင် မကပါဘူး။ အစောပိုင်းကတော့ ခေတ်ပေါ်ကဗျာကို လုံးဝမစဉ်းစားဘူး။ ပယ်လိုက်တာပဲ။ ရှေးကပုံစံစနစ်နဲ့ ဂန္ထဝင်စနစ်တွေနဲ့ စပ်ဆိုထားတဲ့ကဗျာတွေ၊ စာအုပ်တွေကိုပဲ စဉ်းစားတယ်ဆိုတော့ ထပ်ပြီးတော့ ဆွေးနွေးကြတဲ့အခါ ဆုတွေကျတော့ ဘယ်လိုစဉ်းစားမလဲဆိုတော့ ကဗျာဆုက တစ်ဆုထဲပဲ၊ ဒါပေမယ့် အဲဒီဆုပေးတဲ့အခါကျရင် ဂန္ထဝင်ကဗျာမျိုးလည်း ဖြစ်နိုင်တယ်။ ရှေးဟောင်းကဗျာပုံစံနဲ့စပ်ထားတဲ့ ကဗျာမျိုးလည်း ဖြစ်နိုင်တယ်။ အခု မော်ဒန်ခေတ်ပေါ်ကဗျာမျိုးလည်း ဖြစ်နိုင်တယ်။ အဲဒီနှစ်မှာ အကောင်းဆုံးထွက်တဲ့ ကဗျာစာအုပ်ကို ဆရာတို့က ပေးမယ်။ သဘောကတော့ မော်ဒန်ကဗျာ၊ ခေတ်ပေါ်ကဗျာကို ဆရာတို့ မပယ်ဘူးဆိုတဲ့သဘောဖြစ်သွားတာပေါ့။ အဲဒီလိုပေးလေ့ ရှိပါတယ်။

အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ ပထမအကြိမ် အစည်းအဝေးမှာ ပြည်ထောင်စုဝန်ကြီး တက်ပါတယ်။ အဲဒီနေ့မှာ ကျွန်တော်က ကျန်းမာရေးမကောင်းလို့ မတက်ဖြစ်ပါဘူး။ အဲဒီနေ့မှာပဲ ကဗျာကို နှစ်ဆုပေးပါ၊ မော်ဒန်ကဗျာကို တစ်ဆု၊ ဂန္ထဝင်ကဗျာကို တစ်ဆု ပေးပါဆိုပြီး ဆွေးနွေးကြတယ်။ အဲဒီနေ့မှာ မပြတ်ဘူး၊ မပြတ်တော့ ဝန်ကြီးကပြောတယ်။ အစည်းအဝေးမှာ မပြတ်ရင် အသင့်တော်ဆုံးကတော့ လျှို့ဝှက်ဆန္ဒမဲပေးပါ။ စာပေဗိမာန်ကလည်း စီစဉ်ပေးပါမယ်။ တစ်ဆုပေးချင်လား၊ နှစ်ဆုပေးချင်လားဆိုတာကို ပုံစံလေးတွေနဲ့ အိမ်အရောက်ပို့ပေးပါတယ်။


စည်သူဒေါက်တာ ဦးသော်ကောင်း

အရင်တစ်ပတ်က နောက်တစ်ကြိမ် အစည်းအဝေးမှာ ဆန္ဒမဲပေးတဲ့ကတ်လေးတွေကို ဖောက်ပြီး ဆန္ဒမဲပေးတယ်။ အများရှေ့မှာပဲ ရေတွက်တယ်။ မဲပေးတာက တော်တော်လေး ကွာပါတယ်။ ဆုတစ်ဆုပဲ ပေးမယ်ဆိုတဲ့ မဲအရေအတွက်က နှစ်ဆလောက်များနေတယ်။ ရေတွက်တဲ့အခါမှာ ဆုတစ်ဆုပဲပေးမယ်၊ အဲဒီဆုက ဂန္ထဝင်ကဗျာဆုဖြစ်နိုင်သလို ခေတ်ပေါ်ကဗျာလည်းဖြစ်နိုင်တယ်။ အများက အဲဒီလို ဆုံးဖြတ်တယ်။ဆရာတို့က အဲဒီလို မှတ်သားပြီး ဝန်ကြီးကိုလည်း အကြောင်းကြားပါတယ်။ ဝန်ကြီးက ဘာမှမစွက်ဖက်ပါဘူး။ ဒီလိုပေးမယ်ဆိုလည်း ဒီလိုပဲရွေးချယ်ပါ။ ဒါပေမယ့်လည်း လောလောဆယ် စာစောင်တွေမှာ ဆရာ ဒီနေ့ဖတ်နေရတာတော့ မကျေနပ်တဲ့သူတွေရှိတယ်။ သူတို့မဲပေးတုန်းက နှစ်ဆုပေးချင်ကြတယ်။ နှစ်ဆုပေးချင်တာကို ဆရာတို့က အရင်အစဉ်အလာအတိုင်း တစ်ဆုပဲထားမယ်ဆိုတော့ နာမည်ကြီးစာရေးဆရာကြီးတွေပါပဲ၊ မကျေနပ်လို့ ဆရာတို့အဖွဲ့က ထွက်တယ်ပေါ့။ နှစ်ယောက်လောက် ရှိပါတယ်။ ဒါပေမယ့် လောလောဆယ် ဆရာတို့ကတော့ ဘာမှမှတ်ချက်မပေးနိုင်ဘူး။ မလုပ်လည်း မလုပ်ပေးနိုင်ဘူး။ ဆရာတို့လုပ်ပိုင်ခွင့်မှာလည်း မရှိဘူး။ ဝန်ကြီးလည်း ဒီကိစ္စမှာဝင်မစွက်ဖက်ပါဘူး။ ဆရာတို့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၆၅ ယောက် အများစုရဲ့ သဘောထားအတိုင်းပဲလို့ လောလောဆယ် လက်ခံထားပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အတွင်းရေးမှူးအဖွဲ့က သတင်းစာရှင်းလင်းပွဲ လုပ်ပါမယ်။

ကဗျာဆုနဲ့ပတ်သက်ပြီး ဆရာနည်းနည်းရှင်းပြချင်ပါတယ်။ ဆရာတို့ မရောက်ခင် ဆရာတို့ရဲ့ ဆရာတွေဖြစ်တဲ့ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ ရှေးတုန်းက ဆရာကြီးတွေ လက်ထက်ကတည်းက ကဗျာဆုက တစ်ဆုပါပဲ။ ဂန္ထဝင်စာပေကို ရှေးက ကဗျာစပ်နည်းတွေအတိုင်းရေးတဲ့ ကဗျာတွေပေါင်းထားတဲ့စာအုပ်တွေကိုပဲ ပေးပါတယ်။ မော်ဒန်ကဗျာလို့ခေါ်တဲ့ ကာရန်မဲ့ကဗျာကို ပယ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက် အထိက အဲဒီအတိုင်းပါပဲ။ မော်ဒန်ကဗျာသမားတွေက အဆိုပြုလာပါတယ်။ သူတို့ရေးတဲ့ စာအုပ်တွေက အများကြီးထွက်ပါတယ်။ ဂန္ထဝင်ကဗျာထက်တောင် များနေပါတယ်။ အဲဒီတော့ သူတို့ကိုလည်း စဉ်းစားပေးပါဆိုပြီး အဆိုပြုကြပါတယ်။

ဆရာတို့လည်း ဆွေးနွေးကြတယ်။ ဒီဆုကို အရင်အတိုင်း တစ်ဆုပဲထားမယ်။ ဒါပေမယ့် ရွေးတဲ့အခါကျရင် မော်ဒန်ခေတ်ပေါ်ကဗျာကို မပယ်တော့ပါဘူး။ သူတို့ကိုလည်း ထည့်သွင်းစဉ်းစားပါမယ်။ ပြီးရင် အဲဒီနှစ်အတွက် ထွက်တဲ့အထဲမှာ ခေတ်ပေါ်ကဗျာက ပိုကောင်းတယ်ဆိုရင် ခေတ်ပေါ်ကဗျာက ဆုရမယ်။ သူတို့ဘက်က မကောင်းဘူး၊ ဂန္ထဝင်ကဗျာဘက်က ကောင်းမယ်ဆိုရင် ဂန္ထဝင်ကဗျာစာအုပ်က ဆုရမယ်ဆိုပြီး ဆုံးဖြတ်ကြတယ်။ အဲဒီဆုကို တစ်ဆုတည်းပဲထားတာက အဓိကစာပေအမျိုးအစားတွေဖြစ်တဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် အဲဒီဆုတွေအားလုံးက တစ်ဆုပဲရှိတယ်။ ကဗျာဆုကလည်း စာပေဗိမာန်စပြီး တည်ထောင်ကတည်းက၊ ဆုတွေစပေးကတည်းက တစ်ဆုတည်းပေးလေ့ရှိပါတယ်။ အဲဒါကို မပြောင်းချင်ပါဘူးဆိုပြီး ဆွေးနွေးကြတယ်။

အစည်းအဝေးမှာမပြတ်တော့ လျှို့ဝှက်မဲပေးကြတယ်။ မဲပေးပြီးတော့ အများရှေ့မှာဖောက်တယ်။ ဖောက်တော့လည်း နှစ်ဆနီးပါး ဆုကိုတစ်ဆုပဲ ထားပါ။ အဲဒီဆုမှာတော့ ဂန္ထဝင်ကဗျာကိုလည်း စဉ်းစားပါ။ မော်ဒန်ကဗျာကိုလည်း စဉ်းစားပါလို့ ဆုံးဖြတ်ကြတယ်။ အရင်အတိုင်းပါပဲ။ ဒါပေမယ့် နှစ်ဆုပေးချင်တဲ့သူတွေကလည်း ရှိတာပေါ့။ အဲဒီတော့ မကျေနပ်လို့ ဆရာတို့အဖွဲ့က ထွက်တယ်ဆိုတာလည်း အခုကြားနေရပါတယ်။

**မေး။ ။ ဆရာကြီးအနေနဲ့ ဘာများဖြည့်စွက်ပြောကြားချင်ပါလဲ။**

ဖြေ။ ။ ဆရာတို့ အခုနောက်ပိုင်းကတော့ လုပ်လို့ကိုင်လို့ ပိုပြီးလွတ်လပ်သွားတယ်ပေါ့။ ဆရာတို့စာပေသမားတွေ အချင်းချင်းပဲ ဆွေးနွေးကြတယ်။ အတည်ပြုတယ်။ အတည်ပြုပြီး စာရင်းလုပ်ပြီးမှ နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနကို တင်ရတယ်။ ဟိုကလည်း ဘာမှဝင်စွက်တာ မရှိပါဘူး။ ဆရာတို့တင်တဲ့အတိုင်းပါပဲ။ ဆုငွေလည်း နည်းနည်းထပ်တိုးဖို့ တင်ထားပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ဘတ်ဂျက်အရ ကြည့်ပြီး ချပေးမှာပါ။

ခေတ်ပြောင်းသွားတယ်။ အဖွဲ့ကလည်း ခေတ်အလိုက် ပြောင်းနေတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ဝန်ထမ်းတွေမပါရတော့ဘူး။ ဆရာကတော့ ဒါကောင်းတဲ့ လမ်းကြောင်းကို သွားနေတယ်လို့မြင်ပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက လျှို့ဝှက်မဲပေးတာ။ ဆွေးနွေးတာတွေကျတော့ အားလုံး ၆၅ ယောက်လုံး သဘောတူဖို့ကတော့ ခဲယဉ်းပါတယ်။ အများစုရဲ့သဘောကိုတော့ လိုက်နာဖို့လိုတယ်။ အဲဒီတော့မှပဲ အလုပ်လုပ်လို့ရပါမယ်။ ဒီနှစ်ဆိုရင် ကဗျာဆု နှစ်ဆု ပေးချင်တဲ့သူတွေက မဲပေးတဲ့အခါမှာ သူတို့မဲအသာမရဘူး၊ နည်းသွားတယ်ဆိုတော့ မကျေနပ်ကြဘူး။ အဲဒီလိုကတော့ ဆရာ့အမြင်အရ ပြောရရင် သိပ်မကောင်းပါဘူး။ အများဆန္ဒကိုပဲ လူနည်းစုက လိုက်နာရမယ်လို့ ဆရာထင်ပါတယ်။ အဲဒီတော့မှပဲ လုပ်ရကိုင်ရတာ အဆင်ပြေမှာပါ။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်၊ နန္ဒာဝင်း**

**ဓာတ်ပုံ -ဇော်မင်းလတ်**


မောင်မောင်(ခ) Yassin။
(ဓာတ်ပုံ-ဆိပ်ကမ်း ပြန်/ဆက်)

## မလေးရှားနိုင်ငံတွင် သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်ဆက်စပ်သော အဓိကတရားခံ မောင်မောင် (ခ) Yassin အား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၆**

မလေးရှားနိုင်ငံတွင် သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်ဆက်စပ်သော အဓိက တရားခံဖြစ်သူ ထွက်ပြေးတိမ်းရှောင်နေသည့် မောင်မောင်(ခ)Yassin အား ဇွန် ၅ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထွက်ပြေးတိမ်းရှောင်နေသည့် မောင်မောင် (ခ) Yassin နှင့် ပူးပေါင်းပါဝင်သူ တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းကာ ဆက်လက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ဇွန် ၅ ရက် ည ၁၀ နာရီခန့်တွင် တရားခံ မောင်မောင်(ခ) Yassin (၄၄)နှစ်သည် Top Light ယာဉ်အသင်းမှ MDY FF/xxxx ဗင်ကားဖြင့် ပြင်ဦးလွင်မှ မန္တလေးသို့ ထွက်ခွာသွားကြောင်း သတင်းအရ မူးယစ်တပ်ဖွဲ့စုမှ တာဝန်ရှိသူများက ၁၆ မိုင် စစ်ဆေးရေးစခန်းတွင် ပိတ်ဆို့ဖမ်းဆီးရာ ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

**Myanmar Digital News**

# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်**
**ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ။)**
**၁၃၈၀ ပြည့်နှစ်၊နယုန်လပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၏အမည်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်**
**ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ"**

၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁။ ဤဥပဒေကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။"

၄။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **မူလတန်းကြိုကျောင်း** ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များနှင့် အသက်ငါးနှစ် ပြည့်ပြီးသော်လည်း သူငယ်တန်းသို့ အပ်နှံခြင်းမပြုသေးသော ရှေးဦးအရွယ် ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်လေ့ကျင့်ပေးသော ဌာန၊ ကျောင်း သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(င) **မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း**ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများရရှိစေရန် ပြုစုပျိုးထောင်ရာတွင် လိုက်နာဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သော သင်ရိုးညွှန်းတမ်းကို ဆိုသည်။"

၅။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၅ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပါအဝင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်"

၆။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေတွင်-

(က) ပုဒ်မ ၇ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပါအဝင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်"

(ခ) ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) မိဘအုပ်ထိန်းသူ၊ ရပ်ရွာတာဝန်ရှိသူများ၏ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အကြံပြုချက်၊ တင်ပြချက်များကို လက်ခံရယူခြင်းနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း။"

၇။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ (က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) ပြည်တွင်းမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ မဟုတ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၈။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည်-

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။"

၉။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ တွင်-

(က) ခြေဆင်းတွင်ပါရှိသော "ပုဒ်မ ၉" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၉၊ ပုဒ်မခွဲ(က)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားချက်ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။"

၁၀။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ (က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့အရ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၁၁။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည်-

(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ကို သက်တမ်းတိုးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၁၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅ ၏ ခြေဆင်းတွင် ပါရှိသော "ပုဒ်မ ၁၄"ဆိုသည့်စကားရပ်ကို "ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ**
**ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေတွင် ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဘဏ္ဍာရေးဝန်ကြီး" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင် ပါရှိသော "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃။ ပြည်ထောင်စုလွှတ်တော် နာယကက နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ တင်ပြရမည်။"

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၊ပုဒ်မခွဲ(က)နှင့် (ခ) တို့တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဩဂုတ်လ ၂၀ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅ တွင်ပါရှိသော "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ကို "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ ပြည်ထောင်စုလွှတ်တော် နာယကက နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် မေလ ၁၀ ရက်နေ့မတိုင်မီ တင်ပြရမည်။"

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)နှင့်(ခ) တို့တွင်ပါရှိသော "နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "မေလ ၂၄ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၈ တွင် ပါရှိသော "အောက်တိုဘာလအတွင်းတွင်" ဆိုသည့်စကားရပ်ကို "မေလနောက်ဆုံးပတ်ထက် နောက်မကျစေဘဲ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

(ယမန်နေ့မှအဆက်)

ကျောက်တော်မြို့ နိဒင် IDP စခန်း ပိတ်သိမ်းနိုင်ရေးအတွက် ၄-၄-၂၀၁၈ ရက်နှင့် ၅-၄-၂၀၁၈ ရက်များတွင်လည်းကောင်း၊ စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်း ပိတ်သိမ်းရေးအတွက် ၅-၃-၂၀၁၈ ရက်တွင်လည်းကောင်း၊ စစ်တွေမြို့ ခေါင်းဒုက္ကာ (၁)နှင့် (၂) IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ၆-၄-၂၀၁၈ ရက်တွင်လည်းကောင်း စခန်းနေသူများနှင့် တွေ့ဆုံဆွေးနွေးပြီးဖြစ်၍ ပြန်လည်နေရာချထားရေးဆိုင်ရာလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်မှု

နေ့စဉ်လူနေမှုဘဝ ခိုင်မာစွာ ရပ်တည်နိုင်မှုမရှိသေးသူများကို လိုအပ်သော လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဆက်လက်ပံ့ပိုးပေးလျက်ရှိရာ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း အိမ်ထောင်စု ၁၆၉၄ စုမှ လူဦးရေ ၁၀၃၂၇ ဦးတို့အတွက် ငွေကျပ် ၁၂၈ ဒသမ ၄၂ သန်း တန်ဖိုးရှိ စားနပ်ရိက္ခာများဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ တို့ကိုလည်းကောင်း၊ UEHRD လုပ်ငန်းအစီအစဉ်ဖြင့် ဘူးသီးတောင်၊ မောင်တောမြို့နယ်များမှ အိမ်ထောင်စု ၄၅၂၀ မှ လူဦးရေ ၂၉၁၄၀ အတွက် ငွေကျပ် ၂၇၇ ဒသမ ၂၉၆ သန်း တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ ငါးသေတ္တာ၊ နို့မှုန့်တို့ကိုလည်းကောင်း ဒေသခံများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ပါသည်။

စစ်တွေမြို့ပေါ်ရှိ သဲချောင်း(ရခိုင်ရွာ)မှ အိမ်ထောင်စုဦးရေ ၁၅၆ စုနှင့် ခေါင်းဒုက္ကာကယ်ဆယ်ရေးစခန်းရှိ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုဦးရေ ၈၄ စုတို့အတွက် အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုပစ္စည်းများ ထောက်ပံ့နိုင်ခဲ့ပါသည်။

ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်တစ်ခုအဖြစ် ဆောင်ရွက်ပေးထားသော စစ်တွေမြို့ပေါ် ကယ်ဆယ်ရေးစခန်းများရှိ ကလေးပျော်နေရာများ၊ အုန်းတောကြီးမြောက်၊ စက်ရုံစု၊ ခေါင်းဒုက္ကာ၊ ဖွဲရာကုန်း၊ သဲချောင်းရွာများရှိ ကလေးပျော်နေရာများအတွက် သင်ထောက်ကူပစ္စည်းများ၊ ကစားစရာပစ္စည်းများ ထောက်ပံ့ခဲ့ပါသည်။

အာဟာရချို့တဲ့မှုနှုန်း လျော့နည်းစေရန် လူသားအစ ရက် ၁၀၀၀ ကာလ ထောက်ပံ့မှုအဖြစ် ၁-၃-၂၀၁၈ ရက်နေ့တွင် ရခိုင်တစ်ပြည်နယ်လုံးရှိ မြို့နယ်အသီးသီးတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးများအား လစဉ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ အကျိုးခံစားခွင့်ရှိသူ ၅၆၅၆၀ အတွက် စုစုပေါင်း ငွေကျပ် ၂၅၃၈ ဒသမ ၇၂ သန်း ပေးအပ်ခဲ့ပါသည်။




ရခိုင်ပြည်နယ်အတွင်း လစဉ် ထောက်ပံ့ငွေများ ရရှိခဲ့သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် (၂)နှစ်အောက် ကလေးဦးရေ

ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement-RCM) အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့နှင့်အတူ ပူးပေါင်း၍ ရခိုင်ပြည်နယ်အတွင်း ၁-၁-၂၀၁၈ ရက်မှ ၁၁-၄-၂၀၁၈ ရက်အထိ အိမ်ထောင်စု ၁၂၁၈၄ စုမှ လူဦးရေ ၆၁၆၄၄ ဦးအတွက် အရေးပေါ် စားသောက်ကုန်ပစ္စည်းနှင့် အခြားပစ္စည်းများ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ အာဟာရထုပ်နှင့် ခါတ်ဆားထုပ်များ၊ မျိုးစေ့များ၊ Temporary Shelter များ၊ သောက်သုံးရေသန့်နှင့် ရေစစ်များ ထောက်ပံ့ခဲ့ပါသည်။




Red Cross Movement က ကူညီထောက်ပံ့ခဲ့သော လူဦးရေ

## သတင်းရယူခွင့်

ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းမှန်များကို ပြည်တွင်း၊ ပြည်ပ မီဒီယာများ ပိုမိုသိရှိပြီး တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ယခုလေးလတာ ကာလပတ်အတွင်း ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ဝင် စုစုပေါင်း ၇၄ ဦးအတွက် ရခိုင်ပြည်နယ်သို့ သွားရောက်သတင်းရယူနိုင်ရေး ခရီးစဉ် လေးကြိမ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့် ကဏ္ဍစုံ ဆောင်ရွက်ချက်များကို ပြည်တွင်း၊ ပြည်ပမှ ပိုမိုသိရှိပူးပေါင်းပါဝင်နိုင်ရေး ရည်ရွယ်၍ မီဒီယာထောက်ပံ့မှုလုပ်ငန်းစဉ်အဖြစ် သတင်းထုတ်ပြန်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ အသိပညာပေးခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ရာ

- ရုပ်သံအစီအစဉ်မှ သတင်းထုတ်လွှင့်မှု ၆၈၉ ကြိမ်၊ တွေ့ဆုံမေးမြန်းမှု သုံးကြိမ်၊ ပညာပေးနှင့် မှတ်တမ်းအစီအစဉ် ၄၁ ကြိမ်၊
- ရေဒီယိုအစီအစဉ်မှ သတင်းထုတ်လွှင့်မှု ၁၇၉၇ ကြိမ်၊ တွေ့ဆုံမေးမြန်းမှု ၁၇ ကြိမ်၊ ပညာပေးနှင့် မှတ်တမ်းအစီအစဉ် ငါးကြိမ်၊ အသိပညာပေးထုတ်လွှင့်မှု ၃၆၈ ကြိမ်၊
- Public Service Announcement (PSA) ၂၆၄ ကြိမ်၊
- ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် သတင်းဖော်ပြမှု ၁၂၀၇ ကြိမ်၊
- နေ့စဉ်ထုတ်သတင်းစာများတွင် သတင်းဖော်ပြမှု ၄၈၂ ကြိမ်၊ ဓာတ်ပုံဖော်ပြမှု ၈၅၈ ကြိမ်၊ တွေ့ဆုံမေးမြန်းခြင်း ၂၇ ကြိမ်တို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ပညာရေး

ရခိုင်ပြည်နယ်အတွင်းရှိ ကလေးများအတွက် ကိုးကွယ်သည့် ဘာသာ၊ လူမျိုးနှင့် နိုင်ငံသား၊ ကျား၊ မ ဖြစ်တည်မှုတို့အပေါ် ခွဲခြားမှုမပြုဘဲ တူညီသော ပညာသင်ခွင့် ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ပိတ်ခဲ့ရသောကျောင်း ၄၂၄ ကျောင်းအနက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကလေးများ စာပေသင်ကြားနိုင်သည့် ကျောင်းစုစုပေါင်း ၃၂၄ ကျောင်းရှိပြီး ဖြစ်ပါသည်။ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ဒုတိယနှစ်ဝက်ဆုံး စာမေးပွဲများ စစ်ဆေးပြီး စာမေးပွဲအောင်စာရင်းများကိုလည်း ထုတ်ပြန်ပြီး ဖြစ်ပါသည်။ သက်မွေးပညာ သင်ယူမှုအခွင့်အလမ်းများ လက်လှမ်းမီနိုင်စေရန် ရခိုင်ပြည်နယ် ၇မြို့နှင့် ဘူးသီးတောင်မြို့တို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း နှစ်ကျောင်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ဘတ်ဂျက်လျာထားတင်ပြသွားမည် ဖြစ်ပါသည်။




အကြမ်းဖက်မှု ဖြစ်စဉ်ကြောင့် ပိတ်သိမ်းခဲ့ရသော ကျောင်း (၄၂၄) ကျောင်း အနက် ပြန်လည်ဖွင့်လှစ်နိုင်သော ကျောင်းအရေအတွက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ် စုစုပေါင်း ၁၀၅၃၆၂ ဒသမ ၉၆၃ သန်း ရင်းနှီးမြှုပ်နှံသုံးစွဲခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆောက်လုပ်ရေး ငွေလုံးငွေရင်း အသုံးစရိတ်များတွင် ရခိုင်ပြည်နယ် ပညာရေးကဏ္ဍ အသုံးစရိတ်သည် ပညာရေးဝန်ကြီးဌာန အသုံးစရိတ် စုစုပေါင်း၏ ရှစ်ရာခိုင်နှုန်းရှိပြီး ပြည်နယ်များတွင် အများဆုံးဖြစ်ပါသည်။




၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွက် စုစုပေါင်း ပညာရေးအသုံးစရိတ်

ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် နွေရာသီကျောင်းပိတ်ရက်ကာလတွင် အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးအောက်ရှိ နီးစပ်ရာနယ်မြေရုံး၊ နယ်မြေရဲစခန်းနှင့် ရဲကင်းစခန်းဝင်းတို့တွင် သီးခြားအဆောင်များပေးအပ်၍ နေထိုင်ရေး အဆင်ပြေလုံခြုံမှုရှိအောင် ဆောင်ရွက်ထားရှိပါသည်။

မောင်တောခရိုင်အတွင်း စာပေသင်ကြားမှု မြှင့်တင်နိုင်ရန် ဘင်္ဂါလီစကား တတ်ကျွမ်းသော ဆရာ ဆရာမ ၁၀၀ ခန့်ကို အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ထားရှိပါသည်။

ရခိုင်ပြည်နယ်တွင် လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများအတွက် လိုအပ်သော ကျောင်းသုံးစာအုပ်များနှင့် ကျောင်းထောက်ပံ့ကြေးများကိုလည်း ကျောင်းဖွင့်ရာသီအမီ ပံ့ပိုးပေးနိုင်ရန် စီစဉ်ထားရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးမှ ပညာသင်ယူရန် ခက်ခဲနေသည့် မိသားစုဝင်များအတွက် သက်မွေးပညာသင်ကြားနိုင်မှုအား အဟန့်အတားဖြစ်စေနိုင်သော ကျောင်းနှင့်အိမ် အသွားအပြန် ခရီးစရိတ်၊ အစားအစာ၊ ကျောင်းဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်သည့် ကုန်ကျစရိတ်များကို စိစစ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ဘတ်ဂျက်လျာထားနိုင်ရေး ဆောင်ရွက်မည် ဖြစ်ပါသည်။

## ကျန်းမာရေး


ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ မည်သူမဆို ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူနိုင်ကြောင်းနှင့် ဆေးရုံ၊ ဆေးခန်းများသည် ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများအတွက် အကာအကွယ်ပေးထားသည့် နေရာများဖြစ်ကြောင်း အသိပေးကြေညာချက်များပြုလုပ်၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း စစ်တွေဆေးရုံ၊ သက္ကယ်ပြင်ဆေးရုံ၊ မြောင်းဘွဲဆေးရုံ၊ ဘူးသီးတောင်ဆေးရုံ၊ စေတီတောင်ဆေးရုံ၊ မောင်တောဆေးရုံများတွင် ပြင်ပလူနာနှင့် အတွင်းလူနာအဖြစ် တိုင်းရင်းသား ၂၈၂၃ ဦး၊ မွတ်စလင်လူမျိုး ၁၁၃၇၃ ဦး စုစုပေါင်း ၁၄၁၉၆ ဦးကို ကုသပေးခဲ့ပါသည်။




၂၀၁၈ခုနှစ် ပထမ(၄) လအတွင်း စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တော မြို့နယ်အတွင်းရှိ ဆေးရုံများတွင် ဆေးကုသပေးခဲ့သူလူနာဦးရေ

လူဦးရေနှင့်အညီ သင့်လျော်သော ကျန်းမာရေးလုပ်သားအချိုးရှိစေရန် ကျန်းမာရေးလုပ်သားများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း

- စစ်တွေမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် သင်တန်းသူ သူနာပြု၊ သားဖွား ဦးရေ ၄၃၀ သင်ကြားလျက်ရှိပါသည်။




စစ်တွေသူနာပြုနှင့်သားဖွားသင်တန်းကျောင်းတွင် သင်ကြားပို့ချပေးလျက်ရှိသော သင်တန်းသူအရေအတွက်

(ဆက်လက်ဖော်ပြပါမည်)

# ယာဉ်မောင်းလိုင်စင်အတု ကိုင်ဆောင်ထားသူများ သက်ဆိုင်ရာသို့ အပ်နှံခြင်းမပြုဘဲ ဆက်လက်အသုံးပြုနေပါက ဥပဒေအရ အရေးယူသွားမည်

**ရန်ကုန် ဇွန် ၆**

ယာဉ်မောင်းလိုင်စင် အတုများ ပေါ်ပေါက်နေမှုနှင့် ပတ်သက်၍ ယာဉ်မောင်းလိုင်စင်အတု ကိုင်ဆောင်ထားသူများအနေဖြင့် သက်ဆိုင်ရာသို့ လာရောက်အပ်နှံကြရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်အသုံးပြုနေမှုများကို စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။



ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်ဖြန့်ဝေမှု၊ ဖမ်းဆီးရမိမှုအခြေအနေတို့နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်က "အခုဆိုရင် ယာဉ်မောင်းလိုင်စင်အတုပြုလုပ်တဲ့သူတွေကို ဖော်ထုတ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်မှုတွေလုပ်ထားပါတယ်၊ ယာဉ်မောင်းလိုင်စင်အတုတွေလည်း ပျံ့နှံ့နေပါပြီ၊ အဲဒါတွေနဲ့ ပတ်သက်ပြီး လုပ်လိုင်စင်အတုကိုင်ဆောင်ထားတဲ့ လူတွေအနေနဲ့ သက်ဆိုင်ရာ ကညနရုံးတွေမှာ လိုင်စင်ကိုပြန်အပ်ဖို့လိုပါတယ်၊ လာရောက်အပ်နှံမှုမရှိဘဲ လမ်းမှာစစ်ဆေးတဲ့အခါမှာ တွေ့ရှိခဲ့ရင်တော့ ဥပဒေအရ အရေးယူသွားမှာ ဖြစ်ပါတယ်၊ မိမိအသိနဲ့ လာရောက်အပ်နှံတဲ့သူတွေကိုတော့ အရေးမယူပါဘူး၊ တရားဝင်လိုင်စင် ရရှိဖို့အတွက်ကိုလည်း ကျွန်တော်တို့ဘက်က အကူအညီတွေပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပသည့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်/ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်ဖြန့်ဝေမှု၊ ဖမ်းဆီးရမိမှုအခြေအနေတို့နှင့်ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ယာဉ်မောင်းလိုင်စင်အတု ကိုင်ထားတဲ့သူတွေအနေနဲ့ ကျွန်တော်တို့ရုံးမှာ လာရောက်စစ်ဆေးပါ၊ ကျွန်တော်တို့အနေနဲ့ အတု၊ အစစ် ခွဲခြားပေးပါမယ်၊ ယာဉ်မောင်းလိုင်စင် တစ်ခုထုတ်မယ်ဆိုရင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို သိဖို့လိုပါမယ်၊ ကိုယ်တိုင်မောင်းတတ်ဖို့လည်း လိုအပ်ပါတယ်၊ အဲဒါတွေကျွမ်းကျင်နေရင်တော့ သင်မောင်းလုပ်ပြီး သုံးလစောင့်ပြီးဖြေမယ်ဆိုရင် လွယ်လွယ်ကူကူရမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ဦးလျန်ကျင့်မန်က ပြောကြားသည်။

ယာဉ်မောင်းလိုင်စင် အတုများ ပျံ့နှံ့နေမှုနှင့်ပတ်သက်၍ စစ်ဆေးမှုများ ပြုလုပ်သွားမည့်အပေါ် ဦးလျန်ကျင့်မန်က "စစ်ဆေးရေးပိုင်းမှာ ပြန်ပြီးတင်းကျပ်သွားဖို့ရှိပါတယ်၊ အတုနဲ့အစစ်ခွဲတဲ့ အချက်တွေ အများကြီးရှိတယ်၊ အစစ်နဲ့တော့ မတူဘူး။ အခုအတုက မီးထိုးခံတဲ့အဆင့်တော့ရှိတယ်၊ အဓိကကျွန်တော်တို့ Chip ပြားတွေ ထည့်ထားတယ်၊ ဒါပေမယ့် သူတို့ထဲမှာ Chip ပါတယ်၊ သူတို့ Chip ထဲမှာ ဘာမှမထည့်နိုင်သေးဘူး၊ Chip ထဲမှာ Data ကို သူတို့မထည့်နိုင်သေးပါဘူး၊ ဒီထဲမှာ ထည့်တာကိုလည်း ကျွန်တော်တို့ ပြောင်းပါမယ်၊ Chip အထဲမှာ ထည့်ထားတဲ့ ဟာတွေကိုလည်း ပြောင်းမယ်၊ ယာဉ်ထိန်းတပ်ဖွဲ့ကို ရှင်းပြထားပါတယ်" ဟု ပြောသည်။

ပြီးခဲ့သည့်လပိုင်းက လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်၌ ဝေယံအကောင့်တွင် ယာဉ်မောင်းလိုင်စင် လွယ်လွယ် လုပ်ပေးနိုင်သည့် အကြောင်းနှင့် ပတ်သက်ပြီး အင်္ဂလိပ်နှင့်တရုတ် နှစ်ဘာသာဖြင့် ကြေညာထားကြောင်း၊ ထိုသို့ကြေညာထားမှုအပေါ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ မေ ၂၅ ရက်မှစတင်၍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ ကျူးလွန်သူများကို ဇွန် ၁ ရက်မှစတင်ကာ သက်သေခံပစ္စည်းများနှင့်တကွ ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ကွင်းဆက်ဖော်ထုတ်ချက်များအရ ဝေယံအကောင့်ပိုင်ရှင်အား သထုံမြို့နယ်တွင်လည်းကောင်း၊ ကျန်ရှိသည့် ပါဝင်ပတ်သက်သူ ငါးဦးအား သယ်န်းကျွန်း၊ လှိုင်သာယာတို့တွင်လည်းကောင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းလိုင်စင်အတုပြုလုပ်ရန် စမတ်ကတ်လိုင်စင်အသစ် ပြုလုပ်သော စက်သုံးလုံး၊ ယာဉ်မောင်းလိုင်စင်ပြုလုပ်ရာတွင် အသုံးပြုသည့် လက်တော့ပ်ခြောက်လုံး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကာလာပရင်တာ သုံးလုံး၊ ယာဉ်မောင်းလိုင်စင်အတုပြုလုပ်မည့် စမတ်ကတ် အခု ၂၀၀၀၊ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်ပြီး စမတ်ကတ် အခု ၅၀၀၊ ယာဉ်မောင်းလိုင်စင် စမတ်ကတ်အတုအပျက် အခု ၁၅၀ ကျော်၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် အတု ၁၀ ခု၊ ဖောင်းကြွယာဉ်နံပါတ်ပြားများ၊ ယာဉ်၏ မှန်ပေါ်တွင်ကပ်သည့် စတစ်ကာ အတုများနှင့် လိုင်စင်မဲ့ယာဉ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ သတင်းအရ ဇွန် ၅ ရက်တွင် ကျောက်တံတား၊ တောင်ဥက္ကလာ၊ သယ်န်းကျွန်းမြို့နယ်တို့မှ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်သူလေးဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ယင်းအမှုနှင့်ပတ်သက်၍ အမျိုးသမီးတစ်ဦးမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ယာဉ်မောင်းလိုင်စင်အတုပြုလုပ်သူများကို ယခင်ကလည်း ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ဖူးသော်လည်း ယခုဖော်ထုတ်ဖမ်းဆီးအရေးယူမှုသည် အကြီးမားဆုံးဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖြစ်စဉ်များတွင် မိမိတို့ဌာနမှ ဝန်ထမ်းများ ပါဝင်ပတ်သက်မှုမရှိကြောင်း၊ ယခုဖမ်းဆီးရမိသည့် သက်သေခံပစ္စည်းများနှင့် ပြေစာများအရ ယာဉ်မောင်းလိုင်စင် အတုများကို နိုင်ငံတစ်ဝန်းဖြန့်ထားသည့် အခြေအနေကို သိရှိရကြောင်း၊ လိုင်စင်အတုများအား ပြန်လည်သိမ်းဆည်းနိုင်ရန်မှာ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုလည်း အရေးကြီးကြောင်းတို့ကို ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်က မီဒီယာများအား ရှင်းလင်းပြောကြားသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ဧပြီလကုန်အထိ ယာဉ်မောင်းလိုင်စင် စာရင်းများအရ (က)၊(ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (ဌ)လိုင်စင်အားလုံးအပါအဝင် စုစုပေါင်း ယာဉ်မောင်းလိုင်စင် ၇၇၀၀၀၀ ကျော်ရှိပြီး ဧပြီလကုန်အထိ မှတ်ပုံတင်ထားသော မော်တော်ယာဉ်အစီးရေ ငါးသိန်းကျော်နှင့် မော်တော်ဆိုင်ကယ်အစီးရေ သုံးသိန်းကျော် ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## မြန်မာ့ရုပ်မြင်သံကြား

**၇-၆-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ NRC အစီအစဉ် "မြန်မာ့လက်မှုပညာ ပုသိမ်ထီးလုပ်ငန်း"
- ၈း၃၅ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၅)
- ၈း၅၀ "ရင်ဆိုင်ကျော်လွှား အဖြူရောင်အန္တရာယ်များ"
- ၉း၁၀ "သာသနာထွန်းပြောင် ပြက္ခရွှေတောင်"
- ၉း၂၅ လှပစုံလင်အာဆီယံတစ်ခွင်
- ၉း၃၀ ASEAN Spotlight (Part-၁၀)
- ၁၀း၃၀ အလုပ်သမားရေးရာအစီအစဉ်
- ၁၁း၃၅ ဘ၀ထဲက၀တ္ထု၊ ၀တ္ထုထဲကဘ၀ "အရိပ်မဲ့ပြဇာတ်၏အနားသတ်" (ဦးခင်မောင်ချင်း၊ ပွင့်နဒီမောင်၊ ဆောင်းရန့်၊ မာမာကြည်၊ မကြည်ငွေး (ဒါရိုက်တာသိမ်းစိုး) (သီဟရတနာ)
- ၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ ကြမ္မာနွံ (အပိုင်း-၂၉) (မင်းဦး၊ဖိုးသောကြာ၊ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
- ၁၃း၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II)(ပွဲစဉ်-၄) နေပြည်တော်(ဒုတိယပိုင်း)
- ၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၆)

**ညပိုင်း**

- ၁၆း၅၀ "အနာဂတ်အလင်းရောင် MSMES မှ ဖော်ဆောင်"
- ၁၇း၁၀ NHK အစီအစဉ် "Mathematica II" (Which is Large?) (ဘယ်အရာကပိုကြီးလဲ)
- ၁၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၀ World Environment Day (Video Clip)
- ၁၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ ကြမ္မာနွံ (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း) (မင်းဦး၊ဖိုးသောကြာ၊ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ မြန်မာ့သစ်တောနှင့် REDD+ -America's Got Talent -ပြည်သူ့နီတိ "အိုးထိန်းသည်နှလုံးသား" -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ စိုးသူ) အစီအစဉ်ပြီး၏။

# ရေးမြို့နယ် ပင်လယ်ပြင်၌ ငါးဖမ်းစက်လှေတစ်စင်း မီးလောင်နစ်မြုပ်

**ရေး ဇွန် ၆**

မွန်ပြည်နယ် ရေးမြို့နယ်၌ ဇွန် ၅ ရက် ည ၉ နာရီက အနောက်ဘက် ကပ္ပလီပင်လယ်ပြင် ဝါးကျွန်းအနောက်ဘက်ပင်လယ်ပြင် ရေမိုင်ခုနစ်မိုင်ခန့်တွင် ငါးဖမ်းစက်လှေတစ်စင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဘော်ကျားတန်းရပ်နေ ရေလုပ်ငန်းရှင် ရန်နိုင်စက်လှေမှာ ငါးဖမ်းရန် ထွက်ခွာခဲ့ရာ စက်ခန်းအတွင်းမှ တရုတ်နိုင်ငံထုတ် အင်ဂျင်အမျိုးအစား (6D-22) မြင်းကောင်ရေ ၂၂၀ မှ မီးစတင်လောင်ကျွမ်းပြီး ရေလုပ်သားများမှာ ရေထဲခုန်ချထွက်ပြေးခဲ့ကြောင်း သိရသည်။

ငါးဖမ်းစက်လှေပေါ်မှ ရေထဲခုန်ချခဲ့သော ရေလုပ်သားသုံးဦးအား ပင်လယ်ပြင်တွင် အခြားငါးဖမ်းစက်လှေက ကယ်ဆယ်ပေးကာ ကမ်းပေါ်သို့ ပြန်လည်ရောက်ရှိပြီး မီးလောင်ကျွမ်းသော ငါးဖမ်းလှေမှာ ပင်လယ်ပြင်၌ နစ်မြုပ်ခဲ့သည်ဟု ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **ထွဋ်ထွဋ်(ရေး)**



# မိုးသည်းထန်မှုကြောင့် စာသင်ဆောင်အတွင်း ရေများဝင်ရောက်

**မိုးနဲ ဇွန် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ဇွန် ၅ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးနဲ-လင်းခေး လမ်းဘေး ချောင်းရေကျော်မှုကြောင့် လှိုင်မြေရပ်ကွက် မြို့မအလကကျောင်းဝင်းအတွင်းရှိ မူလတန်းကျောင်းဆောင်အတွင်း ရေဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်တွင် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် ပညာသင်ကြားလျက်ရှိပြီး ရေဝင်ရောက်မှု အခြေအနေအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသက်နိုင်ထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက စာသင်ဆောင်အတွင်းရှိရေများအား ရေစုပ်စက်ဖြင့်စုပ်ထုတ်ခြင်း၊ အမှိုက်များရှင်းလင်းပေးခြင်းကို ဇွန် ၆ ရက် နံနက် ၈ နာရီက စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန်းသန်းငွေးထံမှ သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# ပေါက်ချောင်းရေကျ၍ ချောင်းကမ်းပါးပြိုကျမှုများ ဖြစ်ပွား

**ပေါက် ဇွန် ၆**

ပေါက်မြို့နယ်၌ ဇွန်လဆန်းပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ပေါက်ချောင်းရေများ တစ်ဟုန်ထိုးစီးဆင်းကာ ဇွန် ၅ ရက် ညပိုင်းမှစ၍ ချောင်းကမ်းပါးပြိုကျမှုများဖြစ်ပွားခဲ့ရာ ပေါက်မြို့ အောင်တော်မူရပ်ကွက်နှင့် အောင်ချမ်းသာရပ်ကွက်မြောက်ပိုင်းရှိ နေအိမ်အချို့ ချောင်းရေတိုက်စားခြင်းခံရမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

အဆိုပါချောင်းရေတိုက်စားခြင်းကြောင့် ချောင်းကမ်းပါးပြိုကျမှုများ ဆက်လက်မဖြစ်ပွားစေရန် ဇွန် ၆ ရက် နံနက် ၈ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ လူအင်အား၊ စက်အင်အားများ အသုံးပြုကာ ချောင်းရေကြောင်းလမ်းလွှဲပြောင်းမှုများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ညာဏ်တိုး(ပေါက်)**



# နေတိုးအဖွဲ့တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ရေးမှာ ကာတာနိုင်ငံ၏ မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သည်ဟုဆို

**ဒိုဟာ ဇွန် ၆**

အနောက်အုပ်စု၏ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အုပ်စုဖြစ်သော မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)တွင် ပါဝင်ရန်မှာ မိမိတို့နိုင်ငံ၏ ကာလရှည် မဟာဗျူဟာမြောက် ရည်မှန်းချက်တစ်ရပ်ဖြစ်သည်ဟု ကာတာကာကွယ်ရေးဝန်ကြီး ခါလစ်ဘင်မိုဟာမက် အယ်လ်အတီယာက ပြောကြားလိုက်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။



ကာတာကာကွယ်ရေးဝန်ကြီး အတီယာ

ကာတာနိုင်ငံသည် ယင်း၏ ဒေသဆိုင်ရာ မဟာမိတ်နိုင်ငံများနှင့် သံတမန်ရေးအရ အငြင်းပွားမှုဖြစ်ပွားခဲ့ပြီး တစ်နှစ်ပြည့်မြောက်သည့် အခါသမယတွင် ကာတာကာကွယ်ရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ကာတာနိုင်ငံသည် အဖွဲ့ဝင် ၂၉ နိုင်ငံပါဝင်သော နေတိုးအဖွဲ့တွင် တင်းပြည့်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ရန် လိုလားကြောင်း ၎င်းက ပြောကြားသည်။

ကာတာနိုင်ငံသည် ယနေ့ကာလတွင် ပင်လယ်ကွေ့ဒေသ၌ အရေးအပါဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ မိမိ၏နိုင်ငံသည် နေတိုးအဖွဲ့ပြင်ပရှိ မဟာမိတ်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သော နိုင်ငံဖြစ်ကြောင်း၊ နေတိုးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရေးမှာ မိမိတို့၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း ဝန်ကြီးအတီယာက ကာတာကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဝေသော မဂ္ဂဇင်း၏ စာတည်းအဖွဲ့အား ပြောကြားသည်။

ကာတာနိုင်ငံသည် နေတိုးအဖွဲ့နှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိပြီး နေတိုးအဖွဲ့၏ အထူးပြုဌာနတစ်ခုခု သို့မဟုတ် ယူနစ်တစ်ခုခုကို အိမ်ရှင်အဖြစ် လက်ခံရန် အသင့်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ။**



# ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌအဖြစ် အီကွေဒေါ်နိုင်ငံခြားရေးဝန်ကြီးအား ရွေးချယ်တင်မြှောက်

**ကုလသမဂ္ဂ ဇွန် ၆**

ကုလသမဂ္ဂအထွေထွေညီလာခံက အီကွေဒေါ်နိုင်ငံခြားရေးဝန်ကြီး မာရီယာ ဖာနန်ဒါ အက်စ်ပီနိုဆာ ဂါစီအား ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌအဖြစ် ခန့်အပ်ရန် သဘော တူညီလိုက်ပြီဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဇွန် ၅ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌအသစ်ကို ဆန္ဒမဲများထည့်ကာ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

(၇၃)ကြိမ်မြောက် အထွေထွေညီလာခံအစည်းအဝေးကို စက်တင်ဘာလတွင် စတင်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ တစ်ဖက်သတ်ကျသော မူဝါဒများကို တန်ပြန်သည့် အကောင်းဆုံးသော မူဝါဒမှာ နိုင်ငံစုံပါဝင်မှုတွင် သက်ဆိုင်ရာနိုင်ငံတိုင်း၏ တာဝန်သိစိတ်သည် အလွန်ပင်အရေးကြီးကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌသစ် အီကွေဒေါ်နိုင်ငံခြားရေးဝန်ကြီး မာရီယာ ဖာနန်ဒါ အက်စ်ပီနိုဆာ ဂါစီက သူ၏ ပထမဆုံးမိန့်ခွန်းတွင် အလေးပေးပြောကြားခဲ့သည်။

ယခုကဲ့သို့ သူ့အား ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌသစ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ကြသည့် အမျိုးသမီးများအား ကူညီဖေးမမှုများ ပြုလုပ်ပေးမည်ဖြစ်သည့်အပြင် အကြမ်းဖက်ခြင်း ခံနေရသော အမျိုးသမီးများအတွက် တရားမျှတမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သူ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲအတွက် အပြုသဘောဆောင်သည့် သဘောတူညီမှုများ ထွက်ပေါ်လာစေရန် မျှော်လင့်ထားကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌသစ် အီကွေဒေါ်နိုင်ငံခြားရေးဝန်ကြီး မာရီယာ ဖာနန်ဒါ အက်စ်ပီနိုဆာ ဂါစီက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# တရုတ်နိုင်ငံ၌ မိုင်းတွင်းအနီး ပေါက်ကွဲမှုဖြစ်ပွား၊ ၁၁ ဦးသေဆုံး

**ပေကျင်း ဇွန် ၆**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ သံရိုင်းတူးဖော်ထုတ်လုပ်ရေး မိုင်းတွင်းတစ်တွင်း၏ ဝင်ပေါက်အနီးတွင် ပေါက်ကွဲစေနိုင်သော ပစ္စည်းများ တင်ဆောင်လာသော ထရပ်ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦး သေဆုံးခဲ့ရပြီး ကိုးဦး ဒဏ်ရာရရှိကာ ၂၅ ဦးမှာ မြေအောက်လိုဏ်ခေါင်းအတွင်း ပိတ်မိလျက်ရှိကြောင်း နိုင်ငံပိုင် စီစီတီဗွီရုပ်မြင်သံကြားဌာနက ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်အမျိုးသား ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလက်အောက်ခံ ဟွာမေအုပ်စုက လုပ်ကိုင်နေသော သံရိုင်းတူးဖော်ထုတ်လုပ်ရေး မိုင်းတွင်း၌ ဇွန် ၅ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်တွင် ထရပ်ကားပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

လျောင်နင်းပြည်နယ်ရှိ အဆိုပါသတ္တုတွင်း၌ မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့တို့က ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**အေအက်ဖ်ပီ။**

# ဂွါတီမာလာနိုင်ငံ၌ ဒီဖီဂိုမီးတောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၇၃ ဦးအထိ မြင့်တက်

**ဂွါတီမာလာစီးတီး မေ ၆**

ဂွါတီမာလာနိုင်ငံတွင် မေ ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဒီဖီဂိုမီးတောင်သည် လှုပ်ရှားမှုများ ပြန်လည်မြင့်တက်လာသဖြင့် လူနေဒေသ ခုနစ်ခုမှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ရပ်နားထားရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အဆိုပါ မီးတောင်အနီးရှိ အက်ကျူတီလာမြို့၌ ကြောက်လန့်နေကြသော ဒေသခံများသည် ၎င်းတို့၏ မော်တော်ယာဉ်များကို တရကြမ်း မောင်းနှင်ကာ ထွက်ပြေးခဲ့ကြသဖြင့် ယာဉ်အသွားအလာများ ရှုပ်ထွေးမှုဖြစ်ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါမီးတောင်မှ ပြာမှုန်များ လေထုအတွင်းသို့ အလုံးအရင်းဖြင့် မှုတ်ထုတ်နေမှုကို အေအက်ဖ်ပီသတင်းဌာနမှ ဓာတ်ပုံသတင်းထောက်က တွေ့မြင်ခဲ့ရပြီး ကယ်ဆယ်ရေးသမားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဂွါတီမာလာစစ်ဘက်မှ တပ်ဖွဲ့ဝင်များ မဆုတ်ခွာမီ ဘေးအန္တရာယ်ကျရောက်နေသူများကို ရှာဖွေခဲ့ကြသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ပျက်စီးသွားခဲ့သည့် တောင်ပေါ်ကျေးရွာများ၌ သေဆုံးသူတို့၏ ရုပ်အလောင်းများကို ရှာဖွေနိုင်မှု နှေးကွေးနေကြောင်း တာဝန်ရှိသူများက အစောပိုင်းတွင် ပြောကြားခဲ့သည်။ အဆိုပါဒေသသည် သဘာဝအလျောက်မြေမျက်နှာပြင် အနိမ့်အမြင့် အချိုင့်အဝှမ်းများရှိပြီး မီးတောင်ဆီသို့ သွားရာလမ်းတွင် မီးတောင်မှ ပန်းထုတ်သည့် ဆူပွက်နေသည့် ရွှံ့နှစ်များ၊ ကျောက်တုံးများနှင့်အတူ ပြာမှုန်များပျံ့လွင့်နေသည်ဟု တာဝန်ရှိသူများက ပြောကြားကြသည်။

မိမိတို့အနေဖြင့် မီးတောင်ပေါက်ကွဲမှုကြောင့် ဘေးဒုက္ခသင့်သူများကို ရှာဖွေသွားမည်ဖြစ်ကြောင်း၊ သို့သော် ဘေးဒုက္ခသင့်သူဦးရေ မည်မျှရှိသည်ကိုမူ မသိရှိနိုင်ကြောင်း ဂွါတီမာလာ သဘာဝဘေးစီမံခန့်ခွဲရေး အေဂျင်စီအကြီးအကဲက အေအက်ဖ်ပီသို့ ပြောကြားသည်။

အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် သေဆုံးရသူများအနက် ၇၃ ဦးမြောက်နှင့် နောက်ဆုံးရှာဖွေတွေ့ရှိရသူမှာ အသက် ၄၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။ မီးတောင်ပေါက်ကွဲမှုဒဏ်ကြောင့် ၎င်း၏ခြေနှစ်ချောင်းနှင့် လက်တစ်ဖက်ဆုံးရှုံးခဲ့ရပြီး ၎င်းမှာ ဆေးရုံတွင် သေဆုံးသွားခဲ့သည်။ ဒဏ်ရာရရှိသူ ၄၆ ဦးအနက် ထက်ဝက်ခန့်မှာ အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေတွင် ရှိသည်။

**အေအက်ဖ်ပီ။**





# သီတဂူစကျွဲဒါနဆေးရုံတော်(မြစ်ကြီးနား)တွင် မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

**မြစ်ကြီးနား ဇွန် ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက်ရှိ သီတဂူစကျွဲဒါနဆေးရုံတော်(မြစ်ကြီးနား)တွင် ဇွန် ၄ ရက်က ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ မျက်စိရောဂါအထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ ကချင်ပြည်နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နှစ်နိုင်ငံ ပူးပေါင်း၍ မျက်စိရောဂါဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးကုသမှုပေးရာတွင် ကိုရီးယားနိုင်ငံ Seoul Namsan Lions Club မှ Dr. Jung Gun Lee ဦးဆောင်သည့် မျက်စိရောဂါ အထူးကုဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာများ၊ သူနာပြုများ၊ မြန်မာနိုင်ငံမှ New Yangon Lions Club ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းနှင့် တာဝန်ရှိသူများ စုစုပေါင်းအင်အား ၄၀ ကျော်တို့က ဦးဆောင်ပြီး မြစ်ကြီးနားမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့ပေါ်ရှိ လူမှုကူညီရေးအသင်းအဖွဲ့များမှ လူငယ်မောင်မယ်များက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့စောင့်ရှောက်မှုပေးမည့် အစီအစဉ်ကို ဇွန် ၄ ရက်မှ ၇ ရက်အထိ ဆောင်ရွက်ရန် စီစဉ်ထားပြီး ယင်းနေ့အထိ စာရင်းသွင်းလူနာ ၁၀၀၀ ကျော်ရှိကြောင်း ဇွန် ၄ ရက်တွင် လူနာဦးရေ ၆၁ ဦးခန့် စတင်ခွဲစိတ်ပေးနိုင်ခဲ့ပြီး New Yangon Lions Club အနေဖြင့် ယခု စမ်းသပ်ခွဲစိတ်ကုသမှုမှာ စတုတ္ထအကြိမ်မြောက်ဖြစ်ကာ ယခင်တောင်ငူမြို့တွင် တစ်ကြိမ်နှင့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့တွင် နှစ်ကြိမ် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း မျက်စိရောဂါဝေဒနာရှင် ၁၂၀၀ ခန့်အား အခမဲ့ခွဲစိတ်ကုသခြင်း၊ လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းနှင့် မျက်မှန်များ တပ်ဆင်ပေးနိုင်ခဲ့ကြောင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ယာဉ်မောင်းသူများနှင့်လမ်းအသုံးပြုသူများယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်လိုအပ်

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ National Energy Puma Aviation နှင့် FXB Myanmar တို့ ပူးပေါင်းဆောင်ရွက်သည့် လူမှုအကျိုးပြု စီမံချက်တစ်ခုဖြစ်သော လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး စီမံချက်ဖွင့်ပွဲကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ လူသားအရင်းအမြစ်များ ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်သေဆုံးမှု လျော့နည်းစေရေးအတွက် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့တွင်းလမ်းများ အဆင့်မြှင့်တင် တိုးချဲ့ခင်းကျင်းပေးလျက်ရှိကြောင်း၊ ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိကျစွာ လိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် FXB Myanmar မှ Country Director ဒေါက်တာချိုချိုမာကျော်က ၂၀၁၈-၂၀၂၀ ခုနှစ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး Road Safety Campaign အသွင်ဆောင် စီမံချက်ကို ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး၊ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပိုမိုသဘောပေါက် နားလည်စေရေး၊ ခြေကျင်လျှောက်သူများ၊ စက်ဘီး၊ ဆိုင်ကယ် စီးနင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်နှင့်ပတ်သက်သည့် အသိပညာများကို ပြည်သူလူထုအတွင်း ဖြန့်ဝေရန် ရည်ရွယ်ချက်များနှင့် အခြေခံပညာ အထက်တန်းကျောင်းများ၊ ဈေးများ၊ ဘုတာရုံများနှင့် တက္ကသိုလ်များတွင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် FXB Myanmar မှ လူငယ်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သီချင်းများ၊ ပညာပေးပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။ ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးရဲလွင်က ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကာ ဆုများချီးမြှင့်ခဲ့သည်။

**သီဟကိုကို(မန္တလေး)**

# မန္တလေးအရိုးအထူးကုဆေးရုံကြီးတွင် မွေးရာပါခြေခွင်ကလေးများအား ဖိနပ်ဝတ်ကုသနည်းဖြင့် အခမဲ့ကုသ

**ချမ်းမြသာစည် ဇွန် ၆**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂လမ်းရှိ အရိုးအထူးကုဆေးရုံကြီး မွေးရာပါ ခြေခွင်ကလေးများ ကုသမှုဌာနတွင် ၂၀၁၃ ခုနှစ်မှ စတင်ကာ အသက် ငါးနှစ်အောက်မွေးရာပါ ကလေးများအား ခြေခွင်ကုသပေးသော ဖိနပ်ဝတ်ပေး၍ ကုသနည်း (Ponseti)ဖြင့် အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း အရိုးရောဂါပညာဌာနမှ သိရသည်။

မွေးရာပါ ခြေခွင်ရောဂါကို မွေးကင်းစကလေးငယ်မှ တစ်နှစ်အရွယ် ကလေးငယ်အထိမွေးရာပါ ခြေခွင်ရောဂါကုသပါက ၉၅ ရာခိုင်နှုန်း အောင်မြင်မှုမြင့်မားကြောင်း၊ အသက်ကြီးသွားပါက အရိုးမာသွားသဖြင့် ကုသမှုခက်ခဲကြောင်း၊ ခြေခွင်ရောဂါရှိသူ ကလေးများငယ်ရွယ်စဉ်ကုသပါက ပုံမှန်လူတစ်ဦးကဲ့သို့ သွားလာနိုင်ကြောင်း အရိုးရောဂါပညာဌာနမှ သိရသည်။

ခြေခွင်ရောဂါသည် မွေးကင်းစကလေးများတွင် အများဆုံးဖြစ်ပွားပြီး အရိုးအကြောနှင့်ဆိုင်သော မွေးရာပါရောဂါတစ်မျိုးဖြစ်ကြောင်း၊ မွေးကင်းစကလေး ၁၀၀၀ လျှင် ခြေခွင်ကလေးတစ်ဦးနှုန်း မွေးဖွားကြောင်း၊ ခြေထောက်နှစ်ဖက်စလုံးသော်လည်းကောင်း၊ ခြေထောက်တစ်ဖက်တည်းသော်လည်းကောင်း ဖြစ်ပွားနိုင်ကြောင်း၊ မန္တလေးအရိုးအထူးကုဆေးရုံကြီးတွင် ၂၀၁၃ ခုနှစ်မှစတင်ပြီး ခြေခွင်ကုသပေးသော ဖိနပ်ဝတ်ကုသပေးသည့် ကုသနည်း (Ponseti) ဖြင့် ကုသပေးရာ ၂၀၁၈ ခုနှစ် မေလအထိ ကလေးငယ် ၄၀၀ ကျော် အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

Ponseti ကုသနည်းဖြင့် အပတ်စဉ်တနင်္လာနေ့တိုင်း အခမဲ့စမ်းသပ်ကုသပေးရာ မွေးရာပါ ခြေခွင်ကလေးများ လာရောက်ကုသမှု ခံယူနိုင်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၆**

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏ ပိုက်ကျော်ခြင်းအားကစားရုံ၌ ဇွန် ၂ ရက်မှ ၆ ရက်အထိ ခရိုင်လေးခရိုင်မှ မြို့နယ်ပေါင်းစုံအသင်း ၄၄ သင်းတို့ အုပ်စု ၁၆ စုခွဲ၍ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။

ယနေ့ နောက်ဆုံးဗိုလ်လုပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ ကွမ်းခြံကုန်းမြို့နယ်အသင်းက သဃ်န်းကျွန်းမြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ၌ သာကေတမြို့နယ်အသင်းက ဒဂုံဆိပ်ကမ်းမြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရဗိုလ်စွဲကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံးဆုရ စန္ဒာမိုးနိုင်(ကွမ်းခြံကုန်း)နှင့် အမျိုးသားပြိုင်ပွဲ၌ အကောင်းဆုံးဆုရ ဝင်းကို(သာကေတ)တို့အား ရန်ကုန်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းက လည်းကောင်း၊ အမျိုးသမီး အသက် (၂၅) နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ တတိယဆုရ သန်လျင်မြို့နယ်အသင်းနှင့် ဒုတိယဆုရ သဃ်န်းကျွန်းမြို့နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အရှေ့ပိုင်းခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာချိုက လည်းကောင်း၊ အမျိုးသမီး အသက် (၂၅) နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရ ကွမ်းခြံကုန်းမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အရှေ့ပိုင်းခရိုင် ဒုတိယရဲမှူးကြီး ကျော်စိုးလွင်ကလည်းကောင်း၊ အမျိုးသား အသက် (၂၅) နှစ်အောက် ပြိုင်ပွဲတွင် တတိယဆုရ မင်္ဂလာတောင်ညွန့်မြို့နယ်အသင်း၊ ဒုတိယဆုရ ဒဂုံဆိပ်ကမ်းမြို့နယ်အသင်းနှင့် ပထမဆုရ သာကေတမြို့နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ၌ ချန်ပီယံပထမတံခွန်စိုက်ဆုဖလားရရှိသော ကွမ်းခြံကုန်းမြို့နယ်အသင်းနှင့် အမျိုးသားပြိုင်ပွဲ၌ ချန်ပီယံပထမတံခွန်စိုက် ဆုဖလားရရှိသော သာကေတမြို့နယ်အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက တံခွန်စိုက်ဆုဖလားများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ကြေးမုံ**

# ဗိုဗီနမ်နည်းပြနှင့်ဒိုင် မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဗိုဗီနမ်နည်းပြနှင့် ဒိုင်မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ ကျင်းပသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အရှေ့တောင်အာရှ ဗိုဗီနမ်အဖွဲ့ချုပ်မှ ဒိုင်လူကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက အရည်အသွေးပြည့်ဝသော ဒိုင်လူကြီးနှင့်နည်းပြများ ထပ်မံပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးမြောက်လျှင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်အသုံးချပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သော မျိုးဆက်သစ်အားကစားသမားကောင်းများ မွေးထုတ်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ ဗိုဗီနမ်နည်းပြနှင့် ဒိုင်မွမ်းမံသင်တန်းကို သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၂၁ ဦး စုစုပေါင်း ၅၀ တက်ရောက်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# စိုက်ပျိုးရေအတွက် အဓိကအကျိုးပြုနေသော ဘန်းကုန်းရေလှောင်တမံ

**တောင်တွင်းကြီး ဇွန် ၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် တိုက်ပွဲကျေးရွာအနီးတွင် တည်ရှိသည့် ဘန်းကုန်းရေလှောင်တမံသည် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကအားထားနေရပြီး နှစ်စဉ် မိုးစပါးနှင့် နွေစပါးအတွက် စိုက်ပျိုးရေအောင်မြင်စွာ ပေးဝေလျက်ရှိကြောင်း သိရသည်။

ဘန်းကုန်းရေလှောင်တမံကို တည်ဆောက်ရေး(၃) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မကွေးမြို့မှ ၁၉၉၅-၁၉၉၆ ခုနှစ်တွင် တာဝန်ယူ၍ စတင်တည်ဆောက်ခဲ့ရာ ၁၉၉၆-၁၉၉၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ဧက ၂၀၀၀ ကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဘန်းကုန်းချောင်းပေါ်တွင် အလျား ပေ ၅၈၀၊ အမြင့် ၆၁ ပေနှင့် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၇၄၀၀ သိုလှောင်နိုင်သည့် မြေသားရေလှောင်တမံ တစ်ခုတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဘန်းကုန်းရေလှောင်တမံမှ စိစစ်ဧက ၂၀၀၀ တွင် နှစ်စဉ်ပျမ်းမျှ မိုးစပါး ၂၃၆၅ ဧက အထိ တိုးချဲ့၍ စိုက်ပျိုးရေ၊ အောင်ရေပေးဝေနိုင်ခဲ့ပြီး နွေစပါးအတွက် ကန်တွင်းရေလက်ကျန်ပေါ်မူတည်၍ နှစ်စဉ်ပျမ်းမျှ ဧက ၃၀၀ အတွက် ဆည်ရေပေးဝေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မိုးစပါး ၂၃၆၅ ဧကအတွက် ရေပေးဝေပြီး ရေဝင်ရောက်မှုနှင့် ရေလက်ကျန်ပမာဏအရ နွေစပါး ၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ဒေသခံ တောင်သူများနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများ၏ အစဉ်တစိုက် ကြိုးပမ်းမှုဖြင့် ဘန်းကုန်းရေလှောင်တမံကြီးမှ စိုက်ပျိုးရေအတွက် အင်အားတစ်ရပ်အဖြစ် အကျိုးပြုနေကြောင်း သိရသည်။

**နိုင်လင်းကြည်**

## မြဝတီမြို့ကုန်သွယ်ရေးဇုန်တွင် အလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးနှင့် ထုတ်ယူရေးနည်းစနစ် စတင်အသုံးပြု

**မြဝတီ ဇွန် ၆**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ရှိ မြဝတီကုန်သွယ်ရေးဇုန်တွင် မြန်မာ့ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထုတ်ယူရေးနည်းစနစ် MACCS (Myanmar Automated Cargo Clearance System) အား ဇွန် ၅ ရက်မှစတင်အသုံးပြုပြီဖြစ်ပြီး အဆိုပါ MACCS စနစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက မြဝတီမြို့ ကုန်သွယ်ရေးဇုန် (ပို့ကုန်ဌာန)၌ ကျင်းပသည်။

ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က MACCS စနစ်သည် သွင်းကုန်ထုတ်ကုန်ရှင်းလင်းရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာအဆင့်မီ Automation စနစ်အဖြစ် အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် စနစ်ကြီးပေါ် ပေါက်လာစေရေး သုံးစွဲခဲ့ရသည့် အချိန်၊ ငွေ၊ လူ့စွမ်းအားများကို လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံတကာကုန်သွယ်မှု လုပ်ငန်းစဉ်များအတွက် အဓိကအထောက်အပံ့ကောင်းများ ပေးနိုင်သည့် စနစ်ဖြစ်သည့်အတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ အားလုံး ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Ichiro MARUYAMA က နှုတ်ခွန်းဆက် စကားပြောကြားပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က မြဝတီနယ်စပ်ဒေသ၌ MACCS စနစ်အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Ichiro MARUYAMA၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်၊ ကရင်ပြည်နယ်အကောက်ခွန်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးဝင်းသန့်နှင့် တာဝန်ရှိသူများ၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြဝတီမြို့မှကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းဆိုင်ရာဌာန အဖွဲ့အစည်းများ တက်ရောက်ကြသည်။

အဆိုပါ MACCS စနစ်သည် နယ်စပ်ဒေသများတွင် မြဝတီမြို့၌ စတင်အကောင်အထည်ဖော်ခြင်းဖြစ်ကာ အဆိုပါစနစ် ကျင့်သုံးခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင် (ပြန်/ဆက်)**

## မြန်မာလူငယ်တစ်သိန်းခန့်ကို နှစ်စဉ်အခမဲ့ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများပေးမည်



**ရန်ကုန် ဇွန် ၆**

တယ်လီနောနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများ ပြီးဆုံးခဲ့ပြီဖြစ်ပြီး လာမည့်နှစ်မှစတင်၍ နှစ်စဉ် မြန်မာလူငယ်ပေါင်း တစ်သိန်းခန့်အား အခမဲ့ ဒစ်ဂျစ်တယ်သင်တန်းများ ပေးအပ်သွားရန် တယ်လီနောမှ ရည်မှန်းထားကြောင်း သိရသည်။ နွေရာသီ သင်တန်းအစီအစဉ်အရ ပြီးခဲ့သည့် မတ်လမှ မေလအတွင်း ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအပတ်စဉ်လေးခု ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းမှ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀၀၀ ခန့်အား သင်ကြားပေးနိုင်ခဲ့သည်ဟု ဆိုသည်။

နွေရာသီ ဒစ်ဂျစ်တယ် နည်းပညာသင်တန်းများသည် မြန်မာနိုင်ငံအတွင်း ဒစ်ဂျစ်တယ် နည်းပညာတတ်မြောက်မှု ပိုမိုတိုးတက်လာစေရန်နှင့် နိုင်ငံတွင်းရှိ ကျေးလက်နှင့် မြို့ပြအကြား အခွင့်အလမ်းပိုင်းဆိုင်ရာ ကွာဟချက်များ ပိုမိုနည်းပါးလာစေရန် ရည်ရွယ်၍ တယ်လီနောက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အဓိကလုပ်ငန်းတစ်ခုဖြစ်ကာ လူမှုအကျိုးပြုလုပ်ငန်းတစ်ခုအဖြစ် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး Ericsson၊ Irrawaddy Green Towers နှင့် Myanmar ICT for Development Organization (MIDO) တို့၏ အကူအညီနှင့်အတူ ဒစ်ဂျစ်တယ်နည်းပညာ သင်တန်းများအား တယ်လီနောနှင့် KMD တို့က နွေရာသီကျောင်းပိတ်ရက်ကာလ သုံးလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အာဆီယံဒေသတွင်း မိုဘိုင်းအင်တာနက် အခြေခံအဆောက်အအုံပိုင်း အတိုးတက်ဆုံး နိုင်ငံစာရင်းမှာ မြန်မာနိုင်ငံကဒုတိယနေရာမှာ ရပ်တည်နေတဲ့ နိုင်ငံတစ်ခုဖြစ်တာနဲ့အညီ အစိုးရရဲ့ အနာဂတ် ဒစ်ဂျစ်တယ်စီးပွားရေးလမ်းစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံအများစုကို ဒစ်ဂျစ်တယ်စီးပွားရေး အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှုရှိဖို့လည်း လိုအပ်ပါတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တိုင်းဟာ သူတို့ရဲ့ဘဝတွေကို ဒစ်ဂျစ်တယ်နည်းပညာတွေ အသုံးပြုပြီး တည်ဆောက်နိုင်တဲ့အခွင့်အရေးကို ညီတူမျှတူရရှိသင့်ပါတယ်၊ ဒါမှသာ နိုင်ငံရဲ့ အနာဂတ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီပေးနိုင်မှာဖြစ်ပါတယ်၊ ဒါကြောင့် တယ်လီနောအနေနဲ့ မြန်မာနိုင်ငံက လူငယ်တွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ကွန်ပျူတာကျွမ်းကျင်မှုတွေအပြင် အင်တာနက်ကို ဘေးကင်းစွာ ဘယ်လိုအသုံးပြုရမလဲဆိုတဲ့ အချက်တွေကို ဒီနွေရာသီ ဒစ်ဂျစ်တယ် နည်းပညာသင်တန်းကနေတစ်ဆင့် သင်ကြားပေးနေတာဖြစ်ပါတယ်၊ ဒါ့အပြင် အစိုးရရဲ့ ဒစ်ဂျစ်တယ် စီးပွားရေးစနစ် တည်ဆောက်ရေး ကြိုးပမ်းရာမှာ လိုအပ်တဲ့ ခိုင်မာတဲ့ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံနဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု နယ်ပယ်တွေမှာ ဆက်လက် အားဖြည့်ကူညီသွားမှာ ဖြစ်ပါတယ်" ဟု တယ်လီနော မြန်မာ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ တာဝန်ခံဦးမင်းသူက ပြောကြားသည်။

LirneAsia ၏ သုတေသနများအရ မြန်မာနိုင်ငံသည် ဆင်းမ်ကတ်ထိုးဖောက်မှု ၁၀၅ ရာခိုင်နှုန်းနှင့် စမတ်ဖုန်း အသုံးပြုမှု ၈၀ ရာခိုင်နှုန်းရှိပြီး ဒေသတွင်း ဦးဆောင်သူအဖြစ် ရပ်တည်နေသော်လည်း နိုင်ငံတွင်းရှိ အင်တာနက်အသုံးပြုသူများ၏ ၈၀ ရာခိုင်နှုန်းနီးပါးသည် ဒစ်ဂျစ်တယ်တတ်ကျွမ်းမှုတွင် အားနည်းနေသေးကြောင်း သိရသည်။ နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာ သင်တန်းများ၏ ကနဦး အစီအစဉ်ကို ၂၀၁၇ ခုနှစ် မေလက ကယားပြည်နယ် လွိုင်ကော်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဒေသခံ လူငယ် ၁၂၀ ခန့်အား အခြေခံ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဘေးကင်းသော အင်တာနက်အသုံးပြုမှုများကို အခမဲ့သင်ကြားပေးခဲ့သည်။ ထိုသင်တန်းများအား ယခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀၀၀ ခန့်ကို အခြေခံဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများ သင်ကြားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကို ဒစ်ဂျစ်တယ်အခြေပြု နိုင်ငံတစ်ခုအဖြစ် တည်ဆောက်နိုင်စေရန်အတွက် အခြေခံအုတ်မြစ်များ ခိုင်ခိုင်မာမာ တည်ထောင်နိုင်ရေး ဦးတည်ကာ အလင်းအိမ် ဒစ်ဂျစ်တယ်စင်တာ ၆၀ ကျော်နှင့် ဘေးကင်းသော အင်တာနက်အသုံးပြုနည်း သင်တန်းများအပါအဝင် လူမှုအကျိုးပြုစီမံကိန်းများစွာကို ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ALEX




တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ လီယောင်အေးကိုတော့ မြန်မာပရိသတ်တွေက "ချန်ဂင်"အဖြစ် အစွဲပြုခေါ်ဝေါ်ခဲ့ကြပါတယ်။ သူဟာ အချိန်အတော်ကြာ ရုပ်ရှင်နယ်ပယ်နဲ့ အလှမ်းကွာခဲ့ရာမှ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ ဇာတ်လမ်းတွဲတစ်ခုကို မင်းသား ဆောင်းဆန်ဟွန်းနဲ့ တွဲဖက်ရိုက်ကူးပြီး ပြန်လည်စတင်လာခဲ့တာကို တွေ့ရပါတယ်။ ဒီလို ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်လာတဲ့ လီယောင်အေးဟာ လတ်တလောမှာတော့ ရာဇဝင်ဇာတ်လမ်းတစ်ခုဖြစ်ပြီး စုံထောက်ရုပ်ရှင် အမျိုးအစားဖြစ်တဲ့ "Lee Mong (ယာယီအမည်)"မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Lee Mong"ဟာ စိတ်လှုပ်ရှားဖွယ်ဇာတ်လမ်းနဲ့ သံစဉ်တွေကို အားပြုပုံဖော်သွားမယ့် ရုပ်ရှင်အမျိုးအစားဖြစ်ပြီး စတင်ထုတ်လွှင့်မယ့်ရက်ကိုတော့ အတိအကျမသတ်မှတ်ရသေးပေမယ့် လာမယ့် ၂၀၁၉ ခုနှစ်အတွင်း ပြသနိုင်ဖို့ရာ ရည်ရွယ်ထားတာဖြစ်ပါတယ်။ ဒီရုပ်ရှင်ကို စတင်ထုတ်လွှင့်မယ့် ရက်ကိုတော့ ကိုရီးယားယာယီအစိုးရစတင်ပေါ်ပေါက်လာခဲ့တဲ့ ၁၉၁၉ ခုနှစ်မှစလို့ နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပြုလုပ်သွားမယ့်နေ့မှာ စတင်ပြသသွားဖို့ရာ ရည်ရွယ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ ဂွန်ဆယ်အွန်း(လက်ရှိ ဆိုးလ်)၊ မန်ချူးရီးယားနဲ့ စင်ကာပူတို့မှာ ဂျပန်ကိုလိုနီခေတ်အတွင်း ဖြစ်ပျက်ခဲ့တဲ့အရာတွေ ပါဝင်မှာဖြစ်ပါတယ်။ "Lee Mong"ဟာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရာမှာ ခေါင်းဆောင်ပါဝင်ခဲ့ကြတဲ့ သူလျှိုအဖွဲ့ခေါင်းဆောင် ကမ်ဝင်ဘွန်းနဲ့ ကိုရီးယား-ဂျပန်ခွဲစိတ်ဆရာဝန် လီယောင်ဂျင်တို့ရဲ့အကြောင်းကို ဇာတ်လမ်းဆင် ပြောပြသွားမှာ ဖြစ်ပါတယ်။ မင်းသမီး လီယောင်အေးဟာ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ လီယောင်ဂျင်နေရာမှ ပါဝင်သွားမှာဖြစ်ပြီး အဓိကဇာတ်ကောင်နှစ်ဦးဟာ အဲဒီအချိန်က ရှန်ဟိုင်းမှာ အခြေပြုထားတဲ့ ကိုရီးယားယာယီအစိုးရအတွက် သူလျှိုတွေအဖြစ် ဆောင်ရွက်ပေးခဲ့ကြတာဖြစ်ပြီး ပစိဖိတ်စစ်ပွဲမှာ ပါဝင်လှုပ်ရှားခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ကမ်ဝင်ဘွန်းနေရာမှာ ပါဝင်သွားမယ့် အမျိုးသားဇာတ်ဆောင်ကိုတော့ ရွေးချယ်နေဆဲဖြစ်ပါတယ်။ ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ လာမယ့် မိုးရာသီမှာ မွန်ဂိုလီးယားနဲ့ ရှန်ဟိုင်းမှာ စတင်ရိုက်ကူးသွားဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ၂၀၁၉ ခုနှစ်ဟာ ကိုရီးယားယာယီအစိုးရ တည်ထောင်ခြင်း နှစ်တစ်ရာ ပြည့်တဲ့နှစ်ဖြစ်ပြီး ဒီဇာတ်လမ်းတွဲမှာပါဝင်ခဲ့ကြတဲ့ ဇာတ်ကောင်တွေဟာ ကိုရီးယားနိုင်ငံရဲ့ လွတ်လပ်ရေးအတွက် ကိုယ့်ကိုယ်ကိုယ် စတေးခဲ့ကာ စွန့်လွှတ် အနစ်နာခံခဲ့ကြသူတွေလည်း ဖြစ်ကြပါတယ်။ ဒါကြောင့် သမိုင်းတန်ဖိုးမြင့်မားတဲ့ ယင်းရုပ်ရှင်ကို ဒေသတွင်းရော နိုင်ငံခြားမှ ကိုရီးယားရုပ်ရှင်ပရိသတ်တွေကပါ မျှော်လင့်စောင့်စားနေကြတာ ဖြစ်ပါတယ်။


အောင်မြင်တဲ့ ကေဒရမ်မာတစ်ခုဖြစ်တဲ့ "Descendants of the Sun(DOTS)"ရဲ့ ထုတ်လုပ်ရေးမန်နေဂျာအဖြစ် ပါဝင်ခဲ့သူ တောင်ကိုရီးယားဒုတိယသမ္မတ ဟန်ဆပ်ဝင်က မကြာသေးမီက "Lee Mong"ဇာတ်လမ်းတွဲထုတ်လုပ်ရေးမှာလည်း အတူပါဝင်ခဲ့ပြီး သူက "Lee Mong ဟာ နိုင်ငံတစ်ဝန်းနဲ့ နိုင်ငံခြားက ပရိသတ်တွေကိုပါ ဆွဲဆောင်ထားနိုင်တဲ့ ရုပ်ရှင်တစ်ကားဖြစ်ပါတယ်၊ ဒါ့အပြင် ယင်းရုပ်ရှင်ဟာ တောင်ကိုရီးယားရဲ့ ၂၀၁၉ ခုနှစ်မှာ တစ်ကမ္ဘာလုံးအတွက်ရည်ရွယ်တဲ့ ပထမဆုံးနမူနာပရောဂျက်တစ်ခုဖြစ်လာမှာပါ။ ကျွန်တော်တို့က ပရိသတ်တွေကို တကယ့်ကိုအရည်အသွေးမြင့်မားပြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ်နဲ့လည်း သင့်တော်မယ့် ကမ္ဘာတစ်ဝန်းက ပရိသတ်တွေအတွက် ပြည့်စုံကောင်းမွန်တဲ့ ဇာတ်လမ်းတွဲတစ်ခုကို ပြသသွားမှာပါ"လို့ ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့်- ရေးသားသည်**

## အင်စတာဂရမ်စာမျက်နှာဖွင့်လိုက်ပြီဖြစ်တဲ့ ယိုဆန်းဟို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ယိုဆန်းဟိုဟာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် စတင်လှုပ်ရှားခဲ့ပြီး လက်ရှိမှာတော့ ခေါင်းဆောင်မင်းသားအဖြစ်ပါ အောင်မြင်မှုတွေရရှိနေခဲ့ပြီဖြစ်ပါတယ်။ ဒီလိုအနုပညာခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ပေမယ့် သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာကိုတော့ လတ်တလောမှာမှ ဖွင့်လှစ်ခဲ့တာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၅ ရက်မှာ ယိုဆန်းဟိုရဲ့ အင်စတာဂရမ်စာမျက်နှာ ဖွင့်လှစ်ခဲ့တာဖြစ်ပြီး အဲဒီနေ့မှာပင် သူ့မှာ ဖော်လိုဝါသုံးသောင်းပြည့်ခဲ့ပြီဖြစ်ပါတယ်။ လက်ရှိအချိန်အထိတော့ သူ့ရဲ့စာမျက်နှာပေါ်မှာ ဖော်ပြမှုနှစ်ခုသာ ရှိသေးတာကို တွေ့ရပါတယ်။ တစ်ခုကတော့ စာမျက်နှာဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပြီး သူ့ရဲ့ဓာတ်ပုံတစ်ပုံကိုလည်း တွဲဖက်ဖော်ပြထားတာတွေ့ရပါတယ်။ နောက်ထပ်တစ်ခုကတော့ မကြာသေးမီက မလေးရှားမှာပြုလုပ်ခဲ့တဲ့ သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲက ပုံရိပ်တွေဖြစ်ပါတယ်။ ဒီတွေ့ဆုံပွဲမှာ ရိုက်ကူးထားတဲ့ ဗီဒီယိုဖိုင်တစ်ခုကို ဖော်ပြထားပြီး မလေးရှားပရိသတ်တွေကို ပြန်လည်တွေ့ဆုံလိုကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။



# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်(သို့မဟုတ်)၂၀၁၈ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၈ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မပုန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။


၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




**21 AD @ BILLBOARD ADVERTISING**

ရန်ကုန်(ပန်းဆိုးတန်းဂုံးကျော်တံတား)(ဗိုလ်ချုပ်လမ်းSAKURA TOWERရှေ့)(မင်္ဂလာဈေးမီးပွိုင့်)(လှည်းတန်းဈေး)
ရန်ကုန်–မန္တလေးအမြန်လမ်း (နေပြည်တော်နားနေစခန်း) (၁၁၅မိုင် နားနေစခန်း)
ပုင်ဦးလွင် (မန္တလေး–လားရှိုးလမ်းမကြီး ရွှေထိပ်တန်းဟိုတယ်ဘေး) (ဒွေးဒွေးကြွယ်ကားဂိတ်ဘေး)
နေပြည်တော် (မြို့မဈေးကြီးရှေ့) (အမြန်လမ်းနှင့် နေပြည်တော်အဝင်လမ်းထောင့် စီလမ်းဆုံ)
လားရှိုး (ဘုတာရုံလမ်းနှင့် ရုံးကြီးလမ်းထောင့်)
မုံရွာ (ပြည်ထောင်စုလမ်းနှင့် ကျောက္ကာလမ်းထောင့်) (ပြည်ထောင်စုလမ်းနှင့် အောင်မင်္ဂလာလမ်းထောင့်)
(ဗိုလ်ချုပ်လမ်းမြသီလာဈေး) (ဗိုလ်ချုပ်လမ်း CHURCH ရှေ့)
စစ်ကိုင်း(မန္တလေးမုံရွာလမ်းမကြီးပေါ် မြို့ဝင်မုခ်ဦး) (မန္တလေးမုံရွာလမ်းမကြီးပေါ် စစ်ကိုင်းတံတားအဆင်း)
ပုသိမ် (မဟာဗန္ဓုလလမ်းမပေါ် တက္ကသိုလ်ဝင်လမ်းထောင့်) (ရန်ကုန်–ပုသိမ်လမ်းမကြီးပေါ်ရွှေမုဋ္ဌောအဝိုင်းအနီး) (ရွှေမုဋ္ဌောအဝိုင်း)
မိတ္ထီလာ (ကျောက်ပန်းတောင်းအဝေးပြေးလမ်းမကြီးပေါ်)
မော်လမြိုင် (အထက်လမ်းမကြီးနှင့် အရာတော်လမ်းထောင့်) (အောက်လမ်းမကြီးနှင့် သင်္ဂဟလမ်းထောင့်)

**၂၈၂(ပထပ)၊ ၃၉လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။**
☎ 377093, 09 73043672, 09 73200189, 09 73200201

**နန်းထိုက်အောင်**
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း
ရုံးခန်း၊ ဆိုင်ခန်းများ
ပြောင်းရွှေ့ခြင်းအတွက်
အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။
09 3128 2593
09 3128 2594
09 3128 2595


## trnfEf

ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၇)အထက၊ ပဥ္စမတန်း (F) မှ(အဖ) ဦးနိုင်လင်း [၉/ခမစ(နိုင်)၀၁၂၅၄၈]၏ သမီး မလင်းလက်အိမ်၏ အမည်မှန်မှာ မလင်းလက်အိဏ် ဖြစ်ပါကြောင်း။

**မလင်းလက်အိဏ်**

## trnfajymif

မိတ္ထီလာပညာရေး ကောလိပ်၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ဒုတိယတန်းမှ ဦးဆန်းထွန်း၏သား မောင်ဟိန်းထက်ဇော်အား မောင်ဟိန်းလင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းလင်းထက်**


**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
မြေကွက်များဝယ်လိုသည်
✷အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို✷
မည္ဍန့် Ph: 01-2339310,01-2339355,
01-578044-01570721


## uefMuEfunift rm;oap&efunmjcif

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၃)လမ်း၊ အမှတ်(၆၀)၊ တတိယထပ်(၄)လွှာ၊ ခေါင်းရင်းခန်းဟုခေါ်တွင် အလျား(၁၉)ပေ×အနံ(၅၅)ပေ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာ စွဲကပ်တပ်ဆင်ထားပြီးဖြစ်သော ပစ္စည်းအရပ်ရပ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလျက်ရောင်းချခွင့်ရှိသည်ဟု ကြေညာသူ ဦးအောင်စိုးလွင်[၁၂/ဗဟန(နိုင်)၀၈၃၉၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်မှုနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤသတင်းစာကြေညာပါရှိသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမြောက်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရီနွယ်ထွန်း LL.B, M.A (Business Law), D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၇၁)**
**အမှတ်(၇၂)၊ အပေါ်ဆုံးထပ် (ဝဲ)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၀၇၀၉၄**


**Lucky Brothers**
အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များ
ဈေးမှန်ပေးဝယ်သည်။
09-5173511
09-5109285
09-5044836


## uefMuEjonf

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာ၊ တိုက်အမှတ်(ဘီ/၇)၊ တိုက်ခန်းအမှတ်(၇၀၃)၊ အကျယ်အဝန်း(၆၅၀)စတုရန်းပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်နီလာဝင်း [၁၂/မဘန(နိုင်)၀၁၈၂၃၈]မှ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် တရားဝင် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇာခြည်ထွေး LL.B.,D.B.L အထက်တန်းရှေ့နေ (စဉ်-၄၄၆၀၆)**
**အမှတ်-၆/၁၂၁၊ ကန့်ကော်လမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉ ၇၉၃၇၀၈၃၈၃၊ ၀၉-၂၅၃၂၂၄၈၃၆**


ptt Lubricants
JOURNEY OF POWER
"ကံစမ်းမဲအစီအစဉ်" မှ ကံထူးရှင်များ
Suzuki Ertiga ကံထူးရှင် မကျင်စန်း (မော်လမြိုင်မြို့)
Canda
မော်တော်ဆိုင်ကယ်
ကံထူးရှင်များ
Samsung
LED 32 TV
ကံထူးရှင်များ
Samsung
J2 Prime
ကံထူးရှင်များ
Air Cooler
ကံထူးရှင်များ
E DVD
Player
ကံထူးရှင်များ
Cycle
Helmet
ကံထူးရှင်များ

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်း အထောက်အပံ့ပြုနိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးကျော်တင်တို့ ရှေ့မှောက်၌ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်း အထောက်အပံ့ပြုနိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။

**နေပြည်တော် ဇွန် ၆**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ၁၉၉၃ ခုနှစ် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် UNHCR တို့အကြား လက်မှတ်ရေးထိုးပူးပေါင်းဆောင်ရွက်ခဲ့မှုများမှာ အောင်မြင်ခဲ့ပါကြောင်း၊ ယခုအခါတွင် မြန်မာအစိုးရနှင့် UNDP နှင့် UNHCR သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာအရ ယခုဆောင်ရွက်မည့် လုပ်ငန်းစဉ်များလည်း အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ UNDP နှင့် UNHCR တို့အနေဖြင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး၊ ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်မည့် အခွင့်အရေးများ ရရှိနိုင်ရေးအတွက် မြန်မာအစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်များ ပြီးဆုံး

**ရန်ကုန် ဇွန် ၆**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ဒုတိယနေ့) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပရာ စစ်ကိုင်းအသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

နာမည်ကြီး ရတနာပုံအသင်းအတွက် မထင်မှတ်သည့် ရှုံးနိမ့်မှုဖြစ်ပြီး ချန်ပီယံမျှော်လင့်ချက်ကို ပထမဆုံးပွဲမှာပင် အဆုံးသတ်ခဲ့ရသည်။ ယခုပွဲတွင် စစ်ကိုင်းအသင်းပုံစံကောင်းပြသခဲ့ပြီး နည်းပြချုပ် ဦးဇော်လင်းထွန်း၏ နည်းဗျူဟာ ကောင်းမွန်မှုက အဓိကကျခဲ့ကာ ကစားသမားများ၏ ကြိုးစားအားထုတ်မှုကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး ရှုံးထွက်ပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပစ်မှတ်ထားနေသောကြောင့် လူစုံအသုံးပြုခဲ့ပြီး ပထမပိုင်းတွင် စစ်ကိုင်းအသင်းက ပိုဖိကစားနိုင်ခဲ့သည်။ စစ်ကိုင်းအသင်းသည် ဘမ်ဘာ၊ ဖရိုင်းဒေးတို့၏ တိုးအားဖြင့် အဓိကထိုးဖောက်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ရတနာပုံအသင်းသည် ပုံစံကောင်းရနေသည့် ကစားသမားများဖြင့်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍



ရတနာပုံတိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို စစ်ကိုင်းအသင်း ဂိုးသမားနှင့် နောက်ခံလူတို့ ကာကွယ်နေစဉ်။

**လာမည့် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ လျှောက်ထားနိုင်**

စာမျက်နှာ - ၇

**မလေးရှားနိုင်ငံတွင် သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်ဆက်စပ်သော အဓိကတရားခံ မောင်မောင်(ခ) Yassin အား ဖမ်းဆီးရမိ**

စာမျက်နှာ - ၉